# သခင့်စကား

# The LORD's Word

ရာပြည့် အမှတ်တရ

ဝိညာဉ်ရေး ရာစာစောင်



**ပျော်ရွှင်စရာ ကောင်းတဲ့ ခရစ်စမတ် ဖြစ်ပါစေ**

လူအပေါင်းတို့သည် အလွန်ဝမ်းမြောက်ဝမ်းသာစရာ သိတင်းကို ငါသည် သင်တို့အား ကြားပြောရ၏။ ... သခင်ခရစ်တော်တည်းဟူသော ကယ်တင်သောအရှင်သည် သင်တို့အဖို့အလို့ငှာ ဖွားမြင်ခြင်းကို ခံတော်မူပြီ။ လု ၂း၁၀-၁၁

အမှတ်စဉ် (၁၀၀) (ရာပြည့်အမှတ်တရ) ဒီဇင်ဘာလ ၂၀၀၉ ခုနှစ် ဓမ္မဒါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)

## ဒီဇင်ဘာအလွမ်း (ယော့)

အိမ်အပြန်ချင်ဆုံး နေ့ရက်ကလေး ဒီအချိန်လေးမှာ
အိမ်ကို လွမ်းစိတ် ပြင်းထန် လှုပ်ရှားလာပြီ ။
ချမ်းအေး လွန်းလှတဲ့ တို့ရဲ့ ရှမ်းပြည်မြောက်ပိုင်း
ဒီဇင်ဘာ မနက်ခင်းရဲ့ နှင်းမိုးလေးတွေကြားမှာ
ထီးကလေး ဆောင်းကာ သွားလာ လှုပ်ရှားနေရတဲ့ အလွမ်း
ချမ်းအေးလှတဲ့ ဆောင်းညမှာ မီးရောင်တွေ ထိန်ထိန် လူတွေအများနှင့်
သီချင်းလေးတွေ စောင်းမြှောင်းဆိုကာ
မီးပုံပွဲတွင် ဝိုင်းက နေသော ညများ၏ အလွမ်း
ဒီဇင်ဘာ ရောက်တိုင်း တို့ရဲ့ "ဝ" ဓလေ့ ရိုးရာ မီးပုံပွဲရဲ့
အေးယာ... အေးယာအေး... အိုးလားယား... အေးယာအေး
ဆိုတဲ့ သံစဉ်လေးတွေရဲ့ အလွမ်း မီးပုံပွဲမှာ ချစ်စရာ ဓလေ့ အနေနဲ့
စောင်းမြှောင်း၍ ဆိုသော သံစဉ်များ "ဝါးတစ်ပင်ဟာ ဝါးရုံတစ်ရုံ မဖြစ်နိုင်၊
သုံးလေး ငါးပင်မှသာ ဝါးရုံ ဖြစ်နိုင်သည်" ။ ချီ့အေးဟ ... ချီ့အေးဟ ...
အေးဟဟ ... အေးဟဟာ၊ ဆိုတဲ့ သံစဉ်များရဲ့ အလွမ်း ။
အနွေးထည်လေးတွေ ကိုယ်စီနဲ့ ချမ်းအေးလွန်းတဲ့ ဆောင်းတစ်ညမှာ
တုန်ရီကာ ချမ်းလွန်းလို့ အနွေးဓါတ်လေးရအောင်
အမျိုးမျိုး လွှမ်းခြုံထားသော်လည်း ချမ်းနေဆဲ
ဒီအချိန်ဆို အိမ်မှာ မိသားစုတွေ သိပ်ပျော်နေလောက်ပြီ။
အနေ ဝေးနေတဲ့ သမီးကို မျှော်နေလောက်ပြီပေါ့
ဒီဇင်ဘာ တစ်လလုံးမှာ စိတ်၏ ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းဖြင့်
ခရစ်တော်၏ မွေးနေ့ရက်ကို စောင့်မျှော်ရင်း လောက လူသားများ အားလုံးကို
**Merry Christmas** လို့ ကြိုဆိုနှုတ်ခွန်း ဆက်ရင်း၊
**Christmas** လရဲ့ အလွမ်းများနှင့် ... ။ "ဝ"မလေး "ယော့" (ရှမ်းမြောက်) လားရှိုးမြို့





---

## ချစ်သားသား သို့ (မ - ယုံကြည်သူ)

မိဘတွေရဲ့ ဝမ်းရေးအတွက်မို့ ၊ ရောက်ခဲ့ရပြီ စင်္ကာပူသို့
မိဘကျေးဇူး ဆပ်နေရင်းနဲ့ ၊ စာတန်လို သူနှင့် ချစ်ကြိုးငြိလို့
လူသားထဲက လူတစ်ယောက်မို့ ၊ ရုန်း မထွက်နိုင်တဲ့ ဒီ 'ကာမဂုဏ်' ထဲ
အပြစ်ကင်းစင်တဲ့ မေ့သားလေးက ၊ လောကထဲသို့ အပြုံးနဲ့ ဝင်လာ
မေရဲ့ **Fresh** နဲ့ **Blood** တွေက ၊ မေ့သား ကိုယ်ထဲ စီးနေဆဲပါ
မေ့ရဲ့ နှလုံးသား မေ့ရဲ့ ဘဝက ၊ ဒီသားလေးပဲ မေ့ရဲ့ ကမ္ဘာပါ ။
သားရဲ့ ဝေဒနာ ခွဲစိတ်ကြဖို့ ၊ သတင်းရတဲ့ နေ့မှစလို့
မေ့ ရင်ထဲမှာ မချိတင်ကဲ ခံစားရင်းနဲ့ ၊ ဘုရားသခင်ထံ သားရဲ့ဝေဒနာ
သက်သာစေဘို့ အမြဲဆုတောင်းပေးမယ် ၊ အဝေးက သားငယ် ။



---

## မေတ္တာစစ် ဆိုင်းတောင်

ချစ်ခြင်းမေတ္တာသည် ၊ လက်တွေ့ကျတဲ့အရာ၊
ဘယ်သောအခါမှ စိတ်ကူးနေရုံနှင့် ၊ မရနိုင်ပါ ။
ယေရှု၏ကားတိုင်လမ်းသည် သင်နှင့်ကျွန်ုပ်အတွက် သက်သေဖြစ်ခဲ့ပြီ ။
ချစ်ခြင်းမေတ္တာသည် ၊ ပိုင်ဆိုင်ရယူရမည့်အရာ၊
ဘယ်သောအခါမှ စွန့်လွှတ်ချင်မှု မဖြစ်ခဲ့ပါ။
ယေရှုသည် အသက်ပေး၍ ကျွန်ုပ်နှင့်သင့်ကို ထာဝရငရဲမှ ရွေးခဲ့ပြီ
ချစ်ခြင်းမေတ္တာသည် ၊ ရင်ဆိုင်ရမည့်အရာ၊
ဘယ်သောအခါမှ ပြေးရှောင်ချင်မှု မရှိခဲ့ပါ။
ယေရှုသည် အလိုတော်ဝန်ခံ၍ ကျွန်ုပ်နှင့်သင့်ကို ထာဝရကောင်းကင်သို့ ကယ်တင်ခဲ့ပြီ
ချစ်ခြင်းမေတ္တာသည် စွန့်စားရဲစေသည့်အရာ။ ဘယ်သောအခါမှ တွေဝေနေမှု မဖြစ်စေပါ။ ယေရှုသည် အပြစ်ကြွေးအားလုံး ကျွန်ုပ်နှင့် သင့်ကိုယ်စား
ထာဝရ ကာလ အတွက် ဆပ်ပေးခဲ့ပြီ။ ။



## ချိုမြိန်သော ဒီဇင်ဘာ စိမ်းမြမြ (ကသာ)

ကောင်းကင်ပြာရဲ့ ချိုမြိန်တဲ့ သီချင်းဟာ ချစ်ခြင်းမေတ္တာပါ။
ကြယ်စင်တွေရဲ့ ချိုမြိန်တဲ့ သီချင်းဟာ လင်းလက်ခြင်းပါ။
နှင်းမှုန်တွေရဲ့ ချိုမြိန်တဲ့ သီချင်းဟာ ငြိမ်သက်ခြင်းပါ။
'လ' တကာရဲ့ ချိုမြိန်တဲ့ သီချင်းဟာ ဒီဇင်ဘာပါ။
ဒီဇင်ဘာ သီချင်းထဲမှာ အလင်း ကယ်တင်ခြင်းနဲ့ ဘုရားကျောင်း
ငြိမ်သက်ခြင်းလဲပါတယ်လေ။ ဒါ့ကြောင့်မို့ ...
ဒီသီချင်းတွေထဲမှာ ချိုမြိန်ဆုံးသီချင်းဟာ ဒီဇင်ဘာသီချင်းပါ ချစ်မိတ်ဆွေ။

---

## အနှစ်(၃) (သို့) အမေများနေ့မှ တောင်းဆုမွန်

- အမေ့ကိုသတိရရင် ၊ မင်းအနားက ကမ္ဘာကို မွေးကြူလိုက်ပါ ငါ့သား။
- အမေ့ကိုချစ်ရင် မင်းရဲ့ကလောင်ကို ဓါးမြှောင် မဖြစ်စေနဲ့ ။
  အသက်စာ ကန်းသူအတွက် တွယ်ဖက်စရာ နောက်ဆုံးပေါ်
  ဘရေးလ် **(Braille)** တစ်မျိုး တီထွင်လိုက်စမ်းပါ ။
- အမေ့ကိုလွမ်းရင် ဒါဝိဒ်ရဲ့ စောင်းသံနဲ့ ရှောလမုန်ရဲ့ မယ်လိုဒီ
  ရောမွှေထားတဲ့ ဓမ္မတေးလေးတွေနဲ့ ငိုက်မြည်း ဝိညာဉ်တွေကို
  ချက်ခြင်းနှိုးထ ပေးလိုက်စမ်းပါ။
- ဒီမယ်ငါ့သား ၊ "မာယာကော့စကီး" ရဲ့ "ဘောင်းဘီဝတ် မိုးတိမ်" ကို
  အမေနားမလည်ပေမယ့် ၊ အမေချစ်တဲ့ သားဟာ အရောင် မပြောင်းတဲ့
  ခရစ်တော်ရဲ့ ဝတ်ရုံအောက်မှာ ခြေငြိမ်တာပဲ မြင်ချင်တယ်ကွယ် ။
- 'အဆံ' ရှားပြီး ၊ 'ဟန်'များတဲ့ လောက ၊ အနှစ်တွေ အန်ထွက်၊ အခွံပဲ
  ကျန်ခဲ့တဲ့ လောက။ ယုဒ အနမ်းနဲ့ ဂျပိုး ကျတဲ့ လောက၊
  သမ္မာတရားကို ဈေးကွက် ခြင်းတောင်းထဲ ပစ်သွင်း ပဌလက် မော်ဉာဏ် နဲ့
  အထိုင် ကျနေတဲ့ ၊ ကာလာစုံ 'ဖ'သုံးလုံး လောက၊ အသက အသက
  လောက ဝဏ်ဘာထဲက ခုန်ထွက်လို့ စုံဖက်ရမယ့် ခရစ်တော်ရဲ့
  သတို့သမီးကို ၊ ငါ့သား တစ်ယောက် တွေ့နိုင်ပါစေလို့
  'အမေများနေ့' မှာ ဆုမွန်ခြွေ လိုက်ပါတယ်ကွယ်။ ။ (ဝင်းမြင့်ဦး)

---

## သခင့်စကား သစ်ထွေးချစ်

အချိန်ဟာ လူကို စားတယ်တဲ့ ၊ လူက အချိန်ကို စားလို့ရတာ မသိလို့ဖြစ်မှာပါ ။
မယူလျှင် ခက် ၊ ယူလျှင် မခက် ။ နှလုံးမှာ သိုထား၊ သခင့်စကား ။
'နေ့' ကို 'လ' စား ၊ 'လ' ကို 'နှစ်' စား ။ ကိုယ်တော်ပေးထား သခင့်စကား ။
အလိုတော်ကို သိ ၊ အခွင့်တော် ရှိ၍ ။ 'ရာပြည့်' စေစား ၊ သခင့်စကား ။
အချိန်က မစား ၊ အချိန်ကို စားတာ သခင့်စကား ။
လောက ရှေ့ဆက် နေ့စဉ် ရက်ဆက် ။ အားကိုး အားထား သခင့်စကား။
လူကို မစား ၊ လူက စား (များများစားပါ ) သခင့်စကား ။

---

## ချယ်ရီမြေမှ သက်သေခံချက် ခွန်မအိ(ဝ်)

ကျွန်မဟာ ဝေးလံတဲ့ ဒေသကနေ ဒီစင်္ကာပူကို ရောက်ခဲ့ပါတယ်။ အမျိုး မရှိ အဆွေ မရှိ ကျွန်မ တစ်ယောက်ထဲ ရောက်လာခဲ့တယ်။ အင်္ဂလိပ်လို **'yes (or) no'** နဲ့ တရုတ်လို 'ထမင်းစား' ဒီ(၃)ခွန်းပဲ ပြောတတ်တယ်။ ဘာသာစကား၊ အလုပ်၊ ဘွားတော်(သူဌေးမ)နဲ့ အဆင်မပြေမှုတွေကြောင့် အရမ်းစိတ်ဆင်းရဲ ခဲ့ရတယ်။ ကျွန်မ အပြင်ထွက်တဲ့ အခါမှာ ဒေါ်လာ(၅၀)တန် ဟန်းဖုန်း ခိုးဝယ်ပြီး ကိုယ့်ရဲ့ အခက်အခဲကို သူငယ်ချင်းနဲ့ ရင်ဖွင့်တယ်။ ဒီအချိန်မှာပဲ အစ်ကို တစ်ယောက်နဲ့ခင်မင်မိပြီး သူငယ်ချင်း ဖွဲ့ဖြစ်ခဲ့တယ်။ ဒီလိုနဲ့ သမီး ရည်းစားဘဝ ဖြစ်သွားကြတယ်။ အစ်ကိုက ကျွန်မကို အရမ်းချစ်၊ အလွန်ကောင်း၊ သဘော ကောင်းခဲ့ပါတယ်။ သူ ကျွန်မအပေါ် ကောင်းတဲ့ အကြောင်း ရေးပြရင် မကုန်နိုင်ပါဘူး။ ဒီလိုနဲ့ ကျွန်မရဲ့ အခြား သူငယ်ချင်းတစ်ယောက်က ဘုရားကျောင်း မသွားတတ်ဘူးဆိုပြီး အကူအညီ တောင်းလာပါတယ်။ ကျွန်မ



သခင့်စကား ဝိညာဉ်ရေး ရာစာစောင်၊ အမှတ်စဉ် ၁၀၀ (ရာပြည့်အမှတ်တရ)၊ ဒီဇင်ဘာလ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် စာပေဝါသနာရှင်များ
ဝိုင်းဝန်းရေးသားပြီး မြန်မာအသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။ (၂၀၀၁ ခုနှစ် စက်တင်ဘာလ ကတည်းက စတင်ဖြန့်ဝေသည်)

လည်း တစ်ခါတစ်လေ လိုက်ပို့ပေးလိုက်ပါဆိုပြီး ကျွန်မရဲ့ (ရည်းစား) ချစ်သော အစ်ကိုကို လိုက်ပို့ခိုင်းလိုက်တယ်။ ကျွန်မရဲ့ သူငယ်ချင်းကို ယုံကြည်စွာနဲ့ ကူညီ ပေးခဲ့တဲ့အတွက် ကျွန်မ ဝမ်းသာပါတယ်။ တစ်ယောက်က သူငယ်ချင်း၊ တစ်ယောက်က ရည်းစား ဆိုတော့ စိတ်ချပြီးသားဘဲလို့ ယုံကြည်မိလိုက်ပါတယ်။ အဲဒီ အချိန်ကနေစပြီး နှစ်ယောက် စလုံးက ကျွန်မအပေါ် သစ္စာဖောက်ခဲ့ပါတယ်။ ကျွန်မရဲ့ နောက်ကွယ်မှာ သူတို့ ချစ်ကြိုက်နေကြတယ်။ ဒီကိစ္စကို ကျွန်မ လုံးဝ မသိခဲ့ပါဘူး။ နှစ်ယောက်လုံးလည်း ဟန်ဆောင်မပျက် ကျွန်မကို စကားပြော၊ ဖုန်းဆက်နိုင်တယ်။ ကျွန်မ ထွက်တဲ့ အပါတ်နဲ့ သူထွက်တဲ့ အပါတ်ချင်း မတူအောင် စီစဉ်ထားကြတယ်။ ၁လ ပိုင်းမှာ ကျွန်မ ရန်ကုန် ခန အလည်ပြန်တယ်၊ ၂လပိုင်း စင်္ကာပူကို ပြန်ရောက်လာတော့ အခြေအနေက တစ်မျိုး ထူးဆန်းနေတယ်။ ကျွန်မကို အရင်လိုလည်း စကားအကြာကြီး မပြော တော့ဘူး။ အလုပ် ရှုပ်တယ်ဆိုပြီး အကြောင်းပြတယ်။ သူ ကျွန်မကို အရမ်းချစ်တဲ့ အတွက် ကျွန်မလည်း နားလည်ပေးလိုက်တယ်။ ဒီအဖြစ်အပျက်ကို သိတဲ့ အခြား သူငယ်ချင်းက ကျွန်မကို ပြောသင့် မပြောသင့်ပေါ့၊ သူတို့တွေ သိနေကြတယ်။ တစ်လခွဲ လောက်ကျမှ ကျွန်မကို ပြောပြကြတယ်။ ဒီအချိန်မှာ ကျွန်မ ဘယ်လိုမှ မထင် မှတ်ထားတဲ့ မကောင်း သတင်းကို ကြားရတဲ့အချိန်မှာ ကျွန်မ အရမ်းခံစားခဲ့ရတယ်။ ကျွန်မရည်းစားနဲ့ ကျွန်မ အဆင်ပြေနေချိန်မှာ သူငယ်ချင်းများက ချီးကျူးကြတယ်။ သူငယ်ချင်းတွေ မသွားတတ် မလာတတ်ဘူးဆိုရင် ကျွန်မရည်းစားက ကူညီပေးတယ်။ အစစ အရာရာ ကျွန်မ အပေါ် အလွန်ကောင်းပြီး၊ ကျွန်မတို့ ခရစ်ယာန် ဘာသာထဲကိုလည်း ဝင်မယ် ဆိုပြီး ကတိ ပေးခဲ့တဲ့အတွက် သူ့ကို ကျွန်မ အရမ်းချစ်ခဲ့တယ်။ ကျွန်မ အမေနဲ့လည်း သူ စကားပြောပြီးပြီ။ တခြား နိုင်ငံမှာ ရှိနေတဲ့ ကျွန်မတို့ အမျိုးတွေ ဆီကိုလည်း ဖုန်းဆက်တယ်။ မယုံကြည်သူဖြစ်တဲ့ ကျွန်မရည်းစား ကို သဘောတူဖို့ လက်ခံ ပေးဖို့ပေါ့။ အဲဒီလောက် အခြေအနေတွေ ကောင်းနေခဲ့ပြီးကာမှ အခုတော့ ရည်းစားက သစ္စာဖောက်ပြီး ကျွန်မ သူငယ်ချင်းနဲ့ ဖောက်ပြန်ခဲ့ကြတယ်။ ကျွန်မ ရည်းစား ဖောက်ပြန်ခဲ့တဲ့သူက တခြားသူနဲ့ဆိုရင် ကျွန်မ သိပ်ခံရမှာ မဟုတ်ဘူး၊ ဖြေလည်း ဖြေသာပါတယ်။ အခုဟာက ကျွန်မနဲ့ အရင်းနှီးဆုံး သူငယ်ချင်း ဖြစ်တဲ့ သူနဲ့ ဖောက်ပြန်နေတဲ့ အတွက် ကျွန်မ အရမ်းစိတ်တိုမိတယ်။ ပြီးတော့ သူတို့ နှစ်ယောက် စလုံးကိုလည်း ဂလဲ့စား ချေဖို့ အထိတောင်မှ ကျွန်မ စီစဉ်ထားတယ်။ ဒါပေမယ့် ဘုရားသခင်က ကျွန်မကို လမ်းပြတယ်။ ဒါဟာ ဘုရား မကြိုက်တဲ့ အလုပ်ဆိုပြီး ကျွန်မ ပြန်ပြီး နောင်တ ရမိတယ်။

သူ ဘာကြောင့် ဒီလို လုပ်သွားတာလဲဆိုတာ ကျွန်မ နားလည် သဘောပေါက်လိုက်ပါပြီ။ ဒါဟာလည်း ကျွန်မ ဘဝရဲ့ မမေ့နိုင်တဲ့ သင်ခန်းစာ တစ်ပုဒ်နဲ့ ကျေးဇူးတော် တစ်ပါးလို့ ခံယူလိုက်ပါတယ်။ ဘုရားသခင် ကျွန်မကို အချိန်မှီ သိခွင့်၊ လမ်းပြပေးသည့်အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မရဲ့ မိုက်ပြစ် အားလုံးကို ဝန်ချ တောင်းပန်ရင်းနဲ့ သခင့်စကား စာစောင်မှတဆင့် နိုင်ငံခြားရောက် ညီအစ်မများ ကျွန်မလို အဖြစ်မျိုး မကြုံရအောင် မယုံကြည်သူ ဘာသာကွဲ သူများကို အထင် မကြီးဖို့ မညီသော ထမ်းပိုးကို မထမ်းဖို့ ကိုယ့်ကိုကိုယ် ဂရုစိုက်ကြပါ၊ မယုံကြည်သူ ယောကျ်ား တစ်ယောက်ကို (သူတစ်ပါးကို) လွယ်လွယ်နဲ့ မယုံနိုင်အောင် ကြိုးစားကြပါ။ မယုံကြည်သူ လူသား ဖြစ်တဲ့ စာတန်ရဲ့ ဘက်တော်သားတွေဟာ သိပ်ကြောက်ဖို့ ကောင်းတယ်ဆိုတဲ့ အကြောင်း ဘဝနဲ့ ရင်းပြီး သက်သေခံ လိုက်ပါတယ်။ ။ ခွန်မအိုင်(ဝ်)

---

## မေ့မရ၍သတိရဆဲ (စကျူး)

ရှေ့ဦးစွာ ဘုရားရှင်ရဲ့ ဘုန်းတော် ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ဆုတောင်းတဲ့ အတိုင်း ဖြည့်ဆည်းပေးရင် သက်သေခံပါမယ်လို့ ဘုရားသခင်ကို ကတိတွေ အကြိမ်ပေါင်း မနည်း ပေးခဲ့ပေမယ့် ကတိ မတည်တာလည်း ကျွန်မ ပါပဲ။ **God** ကတော့ ဆုတောင်းတာထက် ဖြည့်ဆည်းပေးခဲ့တာ တွေ့ရပေမယ့် ဘယ်လို သက်သေ ခံရမလဲဆိုတာ မသိတာကြောင့် သက်သေ မခံဖြစ်ခဲ့ပါဘူး။ ကျွန်မက စာလည်း သိပ်ရေးတတ်တာမဟုတ်ပါဘူး နာဂစ် ဖြစ်ပြီး တစ်ပတ်အကြာ သောကြာနေ့ညနေ ၅နာရီမှာ ဖုန်းသံကြောင့် ကောက်ကိုင်လိုက်တာ တဘက်က ဖုန်းသံမှ “နင့်သူငယ်ချင်း ဖုန်းနံပါတ် ပေးပါ၊ သူ့ညီမလေး ကျောင်းဆရာမ အလောင်း မျောလာတာ လူတွေဆယ်လိုက်လို့ သိတာ”တဲ့။ “ဒါဆို သူ့အမေနဲ့ အဖေကော” “မသိဘူး ခုထိ အလောင်း ရှာမတွေ့သေးဘူး”တဲ့။ “သူတို့တစ်ရွာလုံး ပျက်စီးတယ်။ ဘယ်သူမှ အဲဒီ ဘိုကလေးရွာကို မသွားရဲကြဘူး”တဲ့ ဖုန်းသံကြောင့် ရင်ဆို့မတတ် ခံစားရလို့ သူငယ်ချင်းကို ပြောသင့် မပြောသင့် စဉ်းစားနေချိန်မှာ အိမ်ရှင်က လာမေးတာကြောင့် ပြောပြလိုက်ပါတယ်။ အိမ်ရှင်က “နင့်သူငယ်ချင်းကို ပြောပြလိုက်ပါ”ဆိုလို့ သူငယ်ချင်းဆီ ဖုန်းကောက် ဆက်လိုက်တော့ သူငယ်ချင်းရဲ့ ဖုန်းသံဟာ ရယ်သံမှ ငိုသံကို ပြောင်းလဲသွားပါတယ်။ “သူငယ်ချင်း အားတင်းထားနော် နင့်ကို သတင်းဆိုးကို ပြောပြမလို့ မငိုရဘူးနော်” လို့ပြောလိုက်တော့ တဖက်ကတော့ ဘာမှ မသိတော့တဲ့ “ပြောမှာသာ ပြောပါ၊ မငိုပါဘူး”တဲ့။ ကျွန်မလည်း မထူးပါဘူး၊ ပြောလိုက်မှ ဘာဆက်လုပ်သင့်သလဲဆိုတာ သိမှာ ဖြစ်တဲ့အတွက် ပြောပြလိုက်ပါတယ်။ စကားအဆုံးမှာ ရှိုက်သံနဲ့အတူ “ငါ့ မောင်လေးကော၊ ငါ့မောင်လေးကော”ဆိုတဲ့ အမေးကြောင့် ရင်ထဲမှာ မခံနိုင်လွန်းလို့ “ငါမသိဘူး”လို့ ဖြေပြီး ဖုန်းကို အမြန်လေး ချပစ်လိုက်ပါတယ်။ မွေးချင်း ညီအစ်မ ၃ယောက်ထဲမှာ ယောကျ်ားလေးဖြစ်သူ မောင်အငယ် ဆုံးလေး တစ်ယောက်သာ ပါတဲ့ အတွက် အချစ်ဆုံးလို့ ပြောလည်း မမှားပါဘူး။ သူ ဘယ်လောက် ခံစားရမလဲဆိုတာ ကိုယ်ချင်း စာမိပါတယ်။ ကျွန်မ ကိုယ်တိုင်လည်း ၂ရက်လောက် စားမဝင် အိပ် မပျော် ခဲ့ပါဘူး။ ကိုယ်တိုင် ခံစားနေရတဲ့ သူ့ရင်ကို ဘယ်လောက်ထိ စူးရှ ပူလောင် သွားမလဲ ဆိုတာ သိပါတယ်။ ညလုံးပေါက် ကျွန်မ ဘုရားသခင်ဆီမှာ ဆုတောင်းတယ်။ “ဘုရားသခင် ကျွန်မ သူငယ်ချင်းကို ခံနိုင်ရည် ခွန်အား ပေးသနားပါ။ သတင်းဆိုးနဲ့အတူ သတင်းကောင်း ရနိုင်ဖို့ ပြင်ဆင်ပေးပါ။ သက်သေခံပါမယ်။ သူအရမ်း ချစ်တဲ့ မောင်လေးကိုလည်း ချန်ထားပေးပါ။ အိုဘုရားသခင် တစ်ကောင်ကြွက် ဆိုတာ စကားပုံမှာ ကြားလို့ကောင်းပေမယ့် လက်တွေ့မှာ မခံစားနိုင်ပါဘူး။ သူ့ကို အားပေးနိုင်တဲ့ အမိသော်လည်းကောင်း အဖသော်လည်းကောင်း ချန်ခဲ့ပေးပါအုံး”လို့ မျက်ရည်နဲ့ အတူ ဆုတောင်းနေချိန်မှာ ဘုရားသခင်က “ငါ့အတွက်နဲ့ သင်တို့တွေ အသက် မရှင်နိုင်ဘူးလား” ဆိုတဲ့ မေးခွန်းလေးတွေ ပေါ်လာမိတယ်။ စိတ်ထဲမှာလည်း ချက်ခြင်းပဲ ဖြေလိုက်မိပါတယ်။ “မှန်ပါတယ် ကိုယ်တော်၊ ကိုယ်တော်ဟာ ကျွန်မတို့တွေကို မိသားစု ပေးထားတဲ့အတွက် မိသားစုအတွက် သာလျှင် ပထမ အသက်ရှင်မိပါတယ် ကိုယ်တော်။ အမှန်ကို ဝန်ခံရရင် ကျွန်မတို့တွေဟာ အပြစ်သားဖြစ်တဲ့အတွက် အပြစ်သားတွေအတွက် ပထမဦးစားပေး အသက်ရှင်ပြီး ကိုယ်တော်အတွက် ဒုတိယ နေရာသာ ပေးနိုင်ခဲ့မိပါတယ်လို့ ဝန်ခံပါရစေ။ မိသားစုအတွက်ကြောင့်သာ ဒီစင်္ကာပူမှာ အလုပ် လာလုပ်ခဲ့ကြတာပါ” လို့ဝန်ခံခဲ့ပါတယ်။ နောက်တစ်နေ့မနက်မှာ သူငယ်ချင်းဆီ ဖုန်းထပ်ဆက်ပြီး အားပေး လိုက်ပါတယ်။ “အားတင်းထားနော် ဘာသတင်း အတိအကျမှ မသိခင် ဘာမှ မလုပ်နဲ့ ဒီအတိုင်းလေးပဲနေ၊ နင်အရမ်းချစ်တဲ့ နင့်မောင်လေးနဲ့ နင့်အစ်မ သတင်းတော့ ဘာမှ မကြားရလို့ အိုကေ လောက်ပါတယ်”လို့ အားပေးလိုက်ပါတယ်။ ဖုန်းချပြီး ထပ်မံ ဆုတောင်းတယ်။ ၂ရက်လောက်နေတော့ ဖုန်းထပ်ဆက်ကြည့်တယ်၊

ဘယ်လို သတင်း အခြေအနေ ရသလဲပေါ့။ သူငယ်ချင်းက အိမ်ရှင်ရဲ့ အကူအညီနဲ့ အင်တာနက်က တဆင့် သိရသလောက်ပြန်ပြောပြပါတယ်။ “ငါ့အမေ ကတော့ သေတာ သေချာတယ်။ ငါ့အဖေတော့ မသေဘူး”တဲ့၊ ကျေးဇူးတော် ချီးမွမ်းလိုက်တယ်။ နောက်တပတ် အလွန်မှာ သေချာတဲ့ သတင်းကို ရရှိလိုက်တာကတော့ ကျောင်းဆရာမဖြစ်သူ ညီမလေးအရင်းနဲ့ တစ်ဝမ်းကွဲလေး တစ်ယောက်တော့ ပါသွားပါတယ်။ ကျန်တာ အားလုံး အိုကေတယ် ဆိုတဲ့သတင်းကို ကြားသိစေတဲ့ ကိုယ်တော့်ကို ရင်ထဲမှာ ထပ်ခါတလဲလဲ ကျေးဇူးတင်မိပါတယ်။ ဘုရားသခင်ဟာ အင်မတန်မှ ကောင်း မြတ်ပါတယ်။ နှလုံးကြေကွဲစွာ ဆု တောင်းနေတဲ့ သားသမီး အယောက်စီတိုင်းရဲ့ ဆုတောင်းသံကို နားညောင်းပါတယ်။ အခုချိန်မှာတော့ သူငယ်ချင်းဟာ အချစ်ဆုံး မိဘ၊ မောင်လေး၊ အစ်မ အတွက် ဆက်လက် အသက်ရှင်ပြီး သူတို့တွေ အတွက် တစ်ဖက်တစ်လမ်းမှ ကူညီနိုင်ဖို့ စင်္ကာပူ နိုင်ငံမှာ ဆက်လက်လုပ်ကိုင်နေဆဲပါ။ ညီမလေးရဲ့ သတင်းကို ကြားရသည်မှာ သတိရ ၍ မေ့မရနိုင်သောကြောင့် သူငယ်ချင်းနဲ့အတူ ထပ်တူထပ်မျှ ခံစားရကြောင်း တစ်နှစ် ပြည့် နာဂစ် အမှတ်တရကို သခင့်စကား စာစောင်ဖြင့် သတိရရေးသားလိုက်ပါသည်။(ဆာလံ ၁၂၁း ၁–၈)။ စကျူး

---

## ယုံကြည်ခြင်းနဲ့ဆုတောင်းပါ (ချယ်ရီ)

ဘုရားသခင်ရဲ့ နာမတော် ကြီးမြတ်ပါစေသော။ အာမင်။ သခင့်စကား စာစောင် ထဲမှာ ဒုတိယအကြိမ် အဖြစ်နဲ့ ဘုရားရှင်ရဲ့ ကျေးဇူးတော်ကို ကျမ ချီးမွမ်းချင်ပါတယ်။ ပထမဆုံးအကြိမ် ရေးခဲ့တဲ့ သခင့်စကား စာစောင်ထဲက ကျမရဲ့ သက်သေခံချက်ထဲမှာ ဘုရားရှင်ရဲ့ ကျေးဇူးတော်ကို မေ့ခဲ့၊ မချီးမွမ်းခဲ့လို့ ရရှိခဲ့တဲ့ ကောင်းချီးတွေ တစ်ခုပြီး တစ်ခု ပျောက်ဆုံး ခဲ့တဲ့အတွက် ဘုရားကျောင်းတက်ခွင့်ကို နေ့တစ်ဝက်သာ တက်ရပြီး ပွဲတော်မဝင်ရ၊ ဆရာ့ရဲ့ တရားဒေသနာကိုလဲ မကြားရတော့ပေမဲ့ ကျမ အဲဒီကျေးဇူးတော်တွေ နောက်တစ်ခါ ပြန်ရလိမ့်မယ်လို့ ယုံကြည်ပြီး ဆုတောင်းခဲ့တာ ဘယ်လောက်မှ မကြာပါဘူး။ အခု ကျမ ပွဲတော်လည်း ပြန်ဝင်စားခွင့်ရခဲ့ပါပြီ။ ဆရာ့ရဲ့ တရားဝေငှချက်တွေ (ဘုရားသခင်ရဲ့ နှုတ်ကပါတ်တော်)တွေကို ပြန်ကြားရခွင့် ရရှိခဲ့ပြီး နှိမ့်ချစိတ်၊ နောင်တရစိတ်နဲ့ ကိုယ်တော့်ထံမှာ တောင်းပန်ခဲ့တာ ဘုရားရှင်ရဲ့ နားညောင်းမှုက တကယ့်ကို အံ့ဩစရာပါပဲ။



သခင့်စကား ဝိညာဉ်ရေးရာစာစောင်၊ အမှတ်စဉ် ၁၀၀ (ရာပြည့်အမှတ်တရ)၊ ဒီဇင်ဘာလ ၂၀၀၉ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် စာပေဝါသနာရှင်များ ဝိုင်းဝန်းရေးသားပြီး မြန်မာအသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန်သတ် ထုတ်ဝေသည်။ (၂၀၀၁ ခုနှစ် စက်တင်ဘာလ ကတည်းက စတင်ဖြန့်ဝေသည်)

နောက်တစ်ချက် အနေနဲ့ ကျမရဲ့ အတွေ့အကြုံလေးတစ်ခုကို ယယ်ရွယ်သူ ညီအစ်ကို မောင်နှမတွေကို ရေးပြချင်ပါတယ်။ ကျမ ဒီစင်ကာပူ ရောက်တာ (၄)နှစ် ကျော်သွားပါပြီ။ အလုပ် အသစ်လိုချင်လို့ ရှာရင်းနဲ့ သတင်းစာထဲမှာ ကြော်ငြာတွေ့ လို့ ဆက်သွယ်ခဲ့မိတယ်။ သူ့ကြော်ငြာထဲမှာ Hotel, Restaurant မှာ Singers ခေါ်တာ ဖြစ်ပြီး work permit provided ပါလာလို့ စမ်းသပ်ချင်တဲ့ စိတ်နဲ့ ဆက်သွယ် လိုက်မိတယ်။ ကျမ သီချင်း မဆိုတတ်ပါဘူး။ Singers အပြင် တခြား အလုပ်များ ရှိမလားလို့ မေးကြည့်တော့ ရှိတယ်။ Casher, Waitress ပေးနိုင်တယ် ပြောတော့ ကျမ စိတ်ဝင်စားသွားတယ်။ သူက ကျမကို interview လာဖို့ ပြောတယ်။ ရက်ချိန်းပြီးတော့ ကျမကို ဘယ်နေ့ ထွက်လို့ရလဲ မေးတော့၊ ကျမ သူ့ကို စပြီး ဆက်သွယ်ကတည်းက ကျမက maid ဆိုတာ ပြောထားတယ်။ တနင်္ဂနွေ ဘုရားကျောင်း ပြီးရင် လာတွေ့မယ် ပြောတော့ ကျမကို ခရစ်ယာန်မှန်း သိသွားပြီး သူ့ကိုယ်သူလည်း စ မိတ်ဆက်တယ်။ သူက ခရစ်ယာန် Indonesian ဖြစ်ပြီး ဒီမှာနေပြီး S’porean တစ်ယောက်ဖြစ်ခံယူပြီး အခု Restaurant မှာ Singer တစ်ယောက် ဖြစ်ကြောင်း ပြောပြတယ်။ ကျမကို ကျမ်းစာဖတ်ဖို့ ဆုတောင်းဖို့ ဘယ်အရာ မဆို စလုပ်ရင် ဆုတောင်းခြင်းနဲ့ ‘စ’ ဖို့ ဘုရားရှင်ဟာ ကျမ အတွက် အကောင်းဆုံး ပြင်ဆင်ပေးမှာပါ ဆိုပြီး ပြောတယ်။ ကျမလည်း ပျော်သွားတယ်။ ကျမ အလုပ် မရှာခင်မှာ ဆုတောင်းတယ်။ သူနဲ့ မဆက်သွယ်ခင် ဆုတောင်းလို့ စိုးရိမ် စိတ်တော့ မရှိဘူး။ အဲဒါနဲ့ သူ့ကို သွားတွေ့မယ့် နေ့မှာ အဖော် တစ်ယောက်မှ မပါလို့ ကျမ တစ်ယောက်ထဲ မသင့်တော်တာမို့ ကြောက်တာနဲ့ မတွေ့ဖြစ်ခဲ့ဘူး။ ဒါဟာ ဘုရားရှင် ပြင်ဆင်ပေးမှုဆိုတာ ကျမ အဲဒီ အချိန်တုန်းက မသိခဲ့ဘူး။ အဲဒါနဲ့ သူ့ကို မလာဖြစ်တဲ့ အကြောင်းပြောပြီး နောက်တစ်လ ထပ်ချိန်း ပြန်တယ်။ နောက်တစ်လ ဆိုရင်တော့ သေချာအောင် လုပ်ရမယ်ဆိုပြီး ဘုရားသခင်ဆီ ဆုတောင်းတယ်။ အကောင်းဆုံး ပြင်ဆင်ပေးဖို့အတွက်ပေါ့။ နောက်တစ်လ ရောက်တော့ ကျမ ဘက်က အစ်မ လည်းပါ၊ နောက်ထပ် အဖော်တစ်ယောက်လည်း ပါလာတယ်။ အားလုံး အဆင်ပြေပြီလို့ ထင်တော့၊ အဲဒီ တနင်္ဂနွေနေ့ကပဲ သူ့ဆီက ကျမကို မအားလို့ တွေ့လို့ မရတဲ့ အကြောင်း SMS (သတင်း) ပို့တယ်။ ကျမ အစ်မက ကျမကို သူ ကျမ အတွက် (ဒီအလုပ်အတွက်) အလိုတော်ရှိရင် အားလုံး အဆင်ပြေစေဖို့ အထူး ဆုတောင်း ပေးပေမဲ့ မဖြစ်လာလို့ ဘုရားဟာ လုံးဝ အလိုတော်ရှိမှာ မဟုတ်ဘူး။ လက်လျှော့ လိုက်ပါတဲ့။ ကျမလည်း လက်လျှော့လိုက်တယ်။ သုံးလေးရက်အကြာ ကျမကို SMS ပို့ပြီး အားရင် ခေါ်ဖို့ ပြောတယ်။ သူ့ကို ခေါ်တော့ အား မလျှော့ဖို့၊ စိတ် မပျက်ဖို့ အမြဲ အားပေးတယ်။ ပြီးတော့ မက်လုံးလည်း ပေးတယ်။ ဒီအလုပ် ဒီလစာ လေးနဲ့ နေနေမဲ့ အစား၊ လစာလည်း များ၊ ကိုယ်ပိုင် လွတ်လပ်ခွင့် ရှိတဲ့ အလုပ် တွေပဲ လုပ်တာ ကောင်းတယ် ဆိုတဲ့ အစရှိတဲ့ မက်လုံးတွေပေါ့။ ကျမ သူ့ကို သိပ် မယုံတော့ဘူး။ ကျမဘက်က အားလျှော့တာတောင် သူ့ဘက်က ကျမကို အရမ်း အလုပ် ပေးချင်တဲ့ ပုံစံ ပေါက်နေလို့ ကျမကို ဒီတစ်ကြိမ် ဆက်ဆက် လာတွေ့ဖို့ ပြောတော့ ကျမလည်း ခေါင်းညိတ်လိုက်တယ်။ သူ့ကို မယုံချင်ပေမဲ့ ကျမမှာ အားကိုး စရာ ဘုရားသခင် တစ်ယောက်လုံး ရှိနေလို့ မကြောက်ဘူး။ သူ့ကို သွားတွေ့မဲ့ တနင်္ဂနွေနေ့ မရောက်ခင် သောကြာနေ့ မနက်မှာ သူ့ကို ခေါ်ပြီး ဘယ်လို သွားရမလဲ ဆိုတာ မေးမလို့ မမေးခင်မှာ ကျမ ဘုရားသခင်ထံမှာ ယုံကြည်ခြင်း အပြည့်အဝနဲ့ ဆုတောင်းခဲ့တယ်။ ဘယ်လို ဆုတောင်းလဲဆိုတော့ အဲဒီလူရဲ့ စိတ်က ကျမ အပေါ် ဘယ်လို သဘောထားလဲ၊ ကျမ အနေနဲ့ သူ့စိတ်ကို မမြင်ရ၊ မသိရပါ၊ ဘုရားသခင် သာလျှင် သိမြင်နိုင်တယ်။ အခု ကျမ အဲဒီလူကို ခေါ်ပြီး စကားပြောမယ်။ သူ ကျမ အပေါ်မှာ တကယ့် စိတ်စေတနာနဲ့ ကူညီချင်တာလား၊ မဟုတ်ရင် မရိုးသားတဲ့ စိတ်နဲ့လား ဆိုတာ ကိုယ်တော် ကျမကို သိခွင့်ပေးပါ ဆိုပြီး တောင်းခဲ့တယ်။ ပြီးတာနဲ့ အဲဒီ လူကိုခေါ် ပြီး သူ့ဆီကို ဘယ်လို လာရလဲဆိုတာ မေးတော့ ပြောပြတယ်။ အရင်က သူနဲ့ စကားပြောရင် အလုပ်အကြောင်းနဲ့ ဘုရားအကြောင်းပဲ ပြောတယ်။ သူ့အကြောင်းတွေ ပြောတယ်။ သူနဲ့ သူ့မိန်းမနဲ့ ကွဲနေတဲ့ အကြောင်းတွေ၊ သားသမီးတွေက အားလုံး အရွယ်ရောက်နေပြီး သူ့အလုပ်အကိုင်နဲ့သူ သူက တစ်ယောက်တည်းသမား သူ့မှာ ပိုက်ဆံတွေ အများကြီးရှိကြောင်း၊ ပိုက်ဆံရှိလို့ မိန်းမတွေ ဝိုင်းဝိုင်းလည်ပြီး သူ့ကို ချူစားချင်ကြတယ်။ ဒါပေမဲ့ သူက လူကောင်း တစ်ယောက်မို့လို့ အဲဒီလို မိန်းမတွေကို မကြိုက်တဲ့ အကြောင်း၊ အများကြီး အများကြီး ပါပဲ။ ကျမလည်း တွေးပြီး ငါ့ကို ဒီအကြောင်းတွေ ဘာဖြစ်လို့ လာပြောနေလဲ မသိဘူးလို့။ နောက်ပြီး သူက ပြောတယ် နင်က အဲဒီလို ကောင်မလေး မဟုတ်ဘူး။ နင်က ရိုးသားတယ်။ ဖြူစင်တယ် ဆိုပြီး “I Love to have a girlfriend like you” ဆိုပြီး ပြောလာတော့ ကျမ ကြက်သီးတွေ ထလာပြီး ကျမ လုပ်စရာ ရှိတယ်ဆိုပြီး ဖုန်းချလိုက်တယ်။ ချက်ချင်းပဲ ဘုရားသခင်ကို သတိရပြီး ချီးမွမ်းမိတယ်။ ကိုယ်တော့် ပြင်ဆင်ပေးမှုက အံ့ဩစရာပဲ။ ကျမ အရမ်းကို ဝမ်းသာ မိတယ်။ ကျမ ဘုရားကို အားကိုးပြီး ဆုတောင်းခဲ့လို့ စုံစမ်းခြင်း ဘေးရန်က ကင်းလွတ်ခဲ့တယ်။ ဘုရားကိုသာ အားမကိုးပဲ နေခဲ့ရင် ဒီလူရဲ့ စိတ်ဓါတ်ကို သူ့ကို သွား မတွေ့ခင်ထိ သိရမှာ မဟုတ်ဘူး။ မသိရရင် ပျက်စီးခြင်းထဲ ရောက်မှာ ကျိန်းသေပါပဲ။ ဘုရားကို ယုံကြည်စွာနဲ့ ဆုတောင်းခဲ့သလို ကျမကို ဘုရားက ကာကွယ်ခဲ့တယ်။ အဲဒီနောက်ပိုင်း ကျမ သူ့ကို SMS ပို့ပြီး လုံးဝ လာမတွေ့တော့ဘူးလို့ ပြောလိုက် ပါတယ်။ သူလည်း ထပ်ပြီး မဆက်သွယ်တော့ဘူး။ ကျမ ရေးပြချင်တာက ဒီအဖြစ် အပျက်လေးကို နမူနာယူပြီး ဒီမှာ ရှိနေတဲ့ ခရစ်ယာန် သားသမီးတွေ စင်ကာပူ (နိုင်ငံခြား)မှာ လူတိုင်းကို လွယ်လွယ် မယုံကြည်ပဲ ဘုရားသခင်ကို ဦးထိပ်ထား၊ အားကိုးပြီး၊ ယုံကြည်ခြင်းနဲ့ ဆုတောင်းပါ။ ဘုရားသခင် က ကာကွယ်မှာ ဆိုတာ အသေအချာပါ။ ဆုတောင်းခြင်းဟာ လက်နက် တစ်ခုပါ။ ဒီ ဆုတောင်းခြင်း ဆိုတဲ့ လက်နက်နဲ့ စုံစမ်းသွေးဆောင်မှု တွေကို တိုက်ထုတ် ကြရ အောင်။ ကျမကို ဘုရားရှင် ဒီအလုပ်ရဖို့ အလိုတော် မရှိခဲ့ပေမဲ့ နောက်ထပ် အလုပ် တစ်ခုကို ပြင်ဆင် ပေးမယ်ဆိုတာ ကျမ ယုံကြည်တယ်။ ဘုရားရှင် ဖွင့်ပေး မယ့်လမ်း ကို စောင့်ပြီး ဘုရားရှင်ကို အားကိုးပြီး နေထိုင်သွားမှာပါ။ ॥ ချယ်ရီ

---

## “စိုက်သည့် အတိုင်း” နန်း ရထိုက် (က.န.ခ)

အနည်းငယ် ရင်ဖွင့်ပါရစေ။ ရင်ထဲမှာလည်း ဖွဲမီး တစ်ခုလို တစ်ငွေ့ငွေ့ လောင် ကျွမ်းသလို ခံစားနေရတယ်။ လူဖြစ်စဉ် ဘဝမှာ ကျွန်မကို ဒီကမ္ဘာ မြေပြင်ပေါ်မှာ လူ့ဘဝကို ဖြစ်စေတဲ့ ဘုရားကို မထီမဲ့မြင်စွာ အသက်ရှင် နေနိုင်ဖို့ ခက်တယ်။ ဘုရားကို ယုံကြည်သယောင်နဲ့ လွဲမှားတဲ့ လောကီ ပျော်ရွှင်မှု စည်းစိမ်နောက်ကို လိုက်မှန်းမသိ လိုက်ခဲ့သောကြောင့် အလွန်တရာမှ မှောင်မဲသော အမှောင်တကာ့ အမှောင် ထဲမှာ ကျရောက်ခဲ့တယ်။ ဒါကို မသိခဲ့ပဲ ဟုတ်လှပြီ မှတ်တာ (ငါကွ) ဆိုပြီး ကြည်နူး ခဲ့တယ်။ ကိုယ် ခံစားရတဲ့ ကောင်းကြီးတွေကို အလွဲသုံးစား လုပ်ခဲ့တယ်။ ဒါကြောင့် အခု ချိန်မှာတော့ ကိုယ် စိုက်ခဲ့တဲ့အတိုင်း ရိတ်သိမ်း နေရတယ်။ စိုက်တုန်း က ဟုတ်လှပြီ မှတ်တာ၊ အခု ရိတ်တော့မှ နောင်တ အဆတစ်ရာ ထက်မက ခံစား နေရတယ်။ ဘုရားရှင် မကြိုက်တဲ့အရာတွေကို ညစ်ညူး စေရုံမက ညစ်ညမ်းစေတယ်။ ခုချိန်ထိ နေ့စဉ်ရက်ဆက် ခံစားနေရတယ်။ ဒီကြေကွဲမှုကို နောက်ဆုံးတော့ ဘုရားကို တမ်းတ ပြီး အကူညီ တောင်းခံရတော့တယ်။ ဘုရားကတော့ အပြစ်သားတွေကို ထာဝရ ခွင့်လွှတ် ပြီး လက်ခံကြိုဆို လျှက်ပါ။ အပြစ်သား ဖြစ်တဲ့ ကျွန်မဟာ ရိတ်သိမ်း လို့ မပြီးသေးတဲ့ အမှားအယွင်း အသီးအပွင့် တွေကို နှလုံး ကြေကွဲစွာ ပူလောင် မှုကို ခံစားရင်း ရိတ်သိမ်း ရအုံးမယ်။ ဘုရားက ဒီလောကမှာ စိုက်သည့် အတိုင်း မကြာဘူး ရိတ်ရကြောင်း လက်တွေ့ပြတယ်။ အပြစ်သားဖြစ်တဲ့ ကျွန်မက ကိုယ်စိုက် သည့် အတိုင်း ရိတ်ရအုံးမှာပဲ။ မခံမရပ်နိုင်သော စုံစမ်းခြင်းကို မပေးပါနဲ့ ဘုရား။ ကိုယ်တော် ရဲ့ တန်ခိုးတော် လက်နဲ့ ကျော်လွှားခွင့် ပေးပါ။ အပြစ်သားကို သနား ကူညီပါ။ လူမည်သည် ကား ခရစ်တော်၌ ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါ ဖြစ်၏။ ဟောင်းသော အရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသော အရာတို့သည် အသစ်ဖြစ်ကြပြီ။ (၂ကော ၅း၁၇)

---

## ဆရာသို့ . အီတ်ဖွင့်ပေးစာ (သောသီ)

သို့ ‘ဆရာ’ … ဘုရားရှင်ထံတော်မှ ကျန်းမာခြင်း၊ ပျော်ရွှင်ခြင်းနှင့် ငြိမ်သက် ခြင်းများ ရရှိပါ စေလို့ သောသီဖေါ် ဆုတောင်းပါတယ်။ ဆရာထံ သက်သေခံချက် စာရေးချင် တယ်လို့ ပြောပြီး နောက်ပိုင်း ရေးဖြစ်ခဲ့ပါတယ်။ သို့သော် ရေးထားသော စာများ အဆင် မပြေဘူး ထင်၍ မပို့ဖြစ်ခဲ့ပါ။ ကျန်းမာရေးလည်း ညံ့ခဲ့တာကြောင့်လဲ ပါပါတယ်။ ကျွန်မ စကာ်ပူ ရောက်တာ ဇွန်လ ဆိုရင် (၃)နှစ် ပြည့်ပါပြီ။ ပျော်ရွှင်ခြင်း အသက်တာ ပျောက်ဆုံးနေသလို ခံစားနေရပါတယ်။ ဒါဟာ ဘုရားရှင်ထံ ကျေးဇူးတော်ကို လူသိ ရှင်ကြား မချီးမွမ်းလို့ ဖြစ်မယ်လို့ ယုံကြည် နေပါတယ်။ ထို့ကြောင့် ‘သခင့်စကား’ မှတဆင့် ခံစားခဲ့ရသော ကောင်းကြီးများ ချီးမွမ်းလိုက်ခြင်းဖြစ်ပါတယ်။ မွေးနေ့နှင့် ကောင်းကြီး ခံစားရသည့် အခါတိုင်း ဆရာများ ဖိတ်၍ ကျေးဇူးတော် ချီးမွမ်းခြင်း ဝတ်ပြုခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မ နှုတ်မှ တစ်ခါမှ ချီးမွမ်းစကား မပြောဖြစ်ခဲ့ပါဘူး။ ဖခင် သာလျှင် ကျွန်မအစား ပြောပေးခဲ့ခြင်းပဲ ရှိပါတယ်။ ကျွန်မ၏ စာထဲမှာ အမှား များ ပါရင် နားလည် ခွင့်လွှတ်ပြီး ပြင်ပေးပါလို့ တောင်းပန်ပါတယ်။ ကျွန်မ ငယ်စဉ် ကတည်းက စ၍ ဘုရားရှင်ထံတော်မှ ကောင်းကြီး မေတ္တာ ရရှိခဲ့ပါတယ်။ ယုံကြည် ကိုးစားပြီး ဘုရားရှင်ထံမှာလည်း ဆက်ကပ်ခဲ့ပါတယ်။

(၁) ကျွန်မ အသက်(၂) နှစ်အရွယ် လေကြီး၊ မိုးကြီး ကျရောက်ချိန်မှာ အပြင်းအထန် နေမကောင်း ဖြစ်ပြီး အသက် အန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ကျွန်မတို့ မိသားစုဟာ ဝန်ထမ်း အိမ်ယာ၊ လိုင်းခန်းတွဲ(၁)မှာ နေထိုင်ပါတယ်။ မိဘများက ဝန်ထမ်းပါ။



သခင့်စကား ဝိညာဉ်ရေး ရာစာစောင်၊ အမှတ်စဉ် ၁၀၀ (ရာပြည့်အမှတ်တရ)၊ ဒီဇင်ဘာလ ၂၀၀၉ခုနှစ်၊ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် စာပေဝါသနာရှင်များ
ဝိုင်းဝန်းရေးသားပြီး မြန်မာအသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန်သတ် ထုတ်ဝေသည်။ (၂၀၀၁ ခုနှစ် စက်တင်ဘာလ ကတည်းက စတင်ဖြန့်ဝေသည်)

ဆေးခန်း ရှိပေမယ့် နေ့ခင်းပိုင်းသာ ဖွင့်ပါတယ်။ ဆေးမျူးအိမ်က နာရီဝက် လမ်းလျှောက်ရပါတယ်။ ညသန်းခေါင် လေပြင်း၊ မိုးကြီးကျချိန်မှာ ဘယ်သူမှ တံခါး ဖွင့်ပေးမှာ မဟုတ်ပါဘူး။ ကျွန်မ မိဘနှစ်ပါး ဘုရားရှင်ထံ ဆုတောင်းကြပါတယ်။ ဘယ်လို တောင်းတယ် ဆိုတာတော့ ကျွန်မ မသိခဲ့ပါ။ ယုံကြည်စွာ ဆုတောင်း ဆက်ကပ်ကာ ည အချိန်မတော် ဆေးမျူး အိမ်တံခါး ခေါက်ချိန်မှာတော့ မိဘ(၂)ပါး၏ ဆုတောင်းသံ ဘုရားရှင် နားညောင်းပြီး ကျွန်မနှင့်အတူ ရှိခဲ့ပါတယ်။ ဆေးမျူး နိုးလာပြီး ကျွန်မ အသက်ကို ကယ်တင်နိုင်ခဲ့ပါတယ်။ အချိန်ပိုင်းသာ နောက်ကျရင်ဖြင့် ကျွန်မ အသက် ငယ်စဉ်မှာပဲ အဆုံးသတ်ရမှာပါ။ ဘုရားရှင်၏ မေတ္တာတော် ကြီးမား လွန်းလှပါတယ်။

(၂) ကျွန်မ ၁၉၉၈ ခုနှစ်မှာ မထိုက်တန်ပါပဲ ဘုရားရှင်ထံတော်မှ ကောင်းကြီး ခံစားခဲ့ရပါတယ်။ အဲဒါက (၁၀)တန်း နှစ်ချင်းပေါက် အောင်မြင်ခွင့် ရခဲ့ခြင်းပါ။ ကျွန်မ နေတဲ့ နေရာမှာ ယုံကြည်သူ အိမ်အများဆုံး (၄) အိမ်ထောင်ဘဲ ရှိခဲ့ပါတယ်။ အများစုက မယုံကြည်သူများပါ။ အထူးသဖြင့် သူတို့ဘာသာကို ကိုင်းရှိုင်းတဲ့ အသက်အရွယ် ကြီးပြီး ဖြစ်တဲ့ အဘိုးအဘွား (၂) အိမ်ကြားမှာ နေထိုင်ခဲ့ရပါတယ်။ ကျွန်မရဲ့ ပညာရေးကို သူတို့ မလိုလားခဲ့ကြပါဘူး။ ထို့ပြင် ကျွန်မ မိခင် အသက်ကြီးမှ ဖွားမြင်သော မောင်ငယ်လေးကို ကြည့်ရှုခဲ့ရပါတယ်။ အသက်ကြီး၊ လ မစေ့ပဲ မွေးဖွားလာသော ကျွန်မ၏ မောင်ငယ်သည် ကိုယ်အလေးချိန် (၃)ပေါင်သာ ရှိ၍ နဖူး၊ မျက်လုံး၊ နှာခေါင်း ကြား၌ (၂) လက်မခန့်ရှိသော ရေကြည်ဘုကြီး ပါခဲ့ပါတယ်။ ခန္ဓာတွင်း၌ လေနာဆိုးပါ ဖိစီးခဲ့ပါတယ်။ ရောဂါများနှင့် ဖိစီးသော မောင်ငယ်၊ ဒုက္ခများစွာ ရရှိခဲ့ပေမယ့် ကျွန်မတို့ ဘုရားရှင် ပေးသော ကလေးငယ်ဆိုပြီး ချစ်ခဲ့ကြပါတယ်။ ဝေဒနာ ခံစားရသော မောင်ငယ်သည် နေ့စဉ်နေ့တိုင်း ပိတ်ခြင်ထောင်ထဲ၌သာ မွေးစမှ သေဆုံးချိန်အထိ နေခဲ့ရပါတယ်။ ကျွန်မ၏ မိခင်သည် ကျောင်းမှ သန့်ရှင်းရေးဝန်ထမ်း ဖြစ်သည့် အတွက် ကျောင်းသွားရချိန်များတွင် ကျွန်မ ကလေးငယ်နှင့် အတူ နေရပါတယ်။ ညချိန် လေထိုးလို့ မအိပ်ရတဲ့ မောင်ငယ်ဟာ နေ့ခင်းမှ အိပ်ရပါတယ်။ အဲဒီအတွက် သူ မအိပ်သေးတဲ့အချိန်မှာ စာကျက်ရပြီး သူ အိပ်ချိန်မှာ စာကြည့်ခဲ့ ရပါတယ်။ ကျွန်မက စာကို ပါးစပ်ကနေ အော်ကျက်မှ စာကျက်လို့ ရတဲ့သူပါ။ အော် မကျက်ရင် လုံးဝ မမှတ်မိသူ၊ စာ မရသူပါ။ အဲဒါကြောင့် ညဘက် စာကျက်ချိန်မှာတော့ နံရံတစ်ချပ်သာ ခြားသော ဘေးအိမ်မှ မယုံကြည်သူ ဘိုး၊ဘွားတွေက နားဆူလို့ တိုက်ခိုက် ကြပါတော့တယ်။ ပြူစူ၊ စောင်းမြောင်းခြင်းနှင့် ရပ်ကွက်လူကြီး အိမ်သို့ တိုင်တောတဲ့ထိ လုပ်လာကြပါတယ်။ ရပ်ကွက်လူကြီးက လုံးဝ အရေးမယူပါ။ ကျောင်းသူ ဖြစ်သော ကျွန်မ ဘက်က ရပ်တည်ခဲ့ပါတယ်။ သို့သော်လည်း မိခင်က "မောင်လေးက ငို၊ သမီးက စာကျက်ဆိုတော့ အိမ်ဘေးက မခံနိုင်ဘူး။ မောင်လေးက ဘာမှ မသိလို့ မငိုနဲ့လို့ ပြောလို့ မရဘူး။ သမီး နားလည်ပေးနော်၊ ည (၉) နာရီအထိပဲ ကျက်တဲ့" မလုံလောက်သော စာကျက်ချိန်ပါ။ သို့သော်လည်း ငယ်စဉ်မှစ၍ စာမကျက်ခင် ကျမ်းစာ ဖတ်၊ ဆုတောင်းခြင်း အမှုကို အမြဲပြုခဲ့ပါတယ်။ အဲဒီအတွက် အများကြီး မကျက် ခဲ့ရပေမယ့် ကျက်ခဲ့သော စာများ ခေါင်းထဲ ရှိနေဖို့ ဘုရားရှင် ကူညီခဲ့ပါတယ်။ အဲဒီ အချိန်မှာပဲ စာမေးပွဲကြီး ဖြေဆိုရမယ့် အချိန် ရောက်လာပါတယ်။ ကျောင်းသူ အတွက် တိုက်ပွဲတစ်ခု ပါ။ ဘာလေ့ကျင့်မှုမှ လုံလောက်စွာ ရှိမနေခဲ့ပါဘူး။ ဘာမှ မရှိသူနှင့် ဘာမှ မရှိခြင်း ပေါင်းရင် ဘာမှ မရှိသော အဖြေသာ ထွက်မှာပါ။ အဲဒီ ဘာမှ မရှိခြင်းမှာ ခရစ်တော်ကို နေရာပြည့် ထားရင်တော့ ရေတွက် မရတဲ့ ကြွယ်ဝခြင်း တကယ်ပဲ ရောက်လို့လာမှာပါ။ ကျွန်မ ဘုရားရှင်ထံ အရာရာ အားလုံး ဆက်ကပ် အပ်နှံပြီး ဖြေဆိုဖို့ ပြင်ဆင်ပါတယ်။ ဖြေဆိုပြီးတိုင်း ဘုရားထံ အပ်နှံလိုက်ပါတယ်။ စိတ် ပူလောင်ခြင်း နှမ်းစေ့မျှ ရှိမနေခဲ့ပါဘူး။ ဖြေဆို ပြီးသွားပါတယ်။ ဒါပေမဲ့ အချိန်တိုင်း နီးပါး စာမေးပွဲအောင်ဖို့ ဆုတောင်းခဲ့ပါတယ်။ အောင်စာရင်း ထွက်ခါနီး မှာတော့ ကျွန်မ ပူလောင်လာပါတယ်။ ယုံကြည်ပေမယ့် မာရ်နတ်က သွေးတိုး စမ်းပါတယ်။ အောင်စာရင်း မထွက်ခင် ည၊ ကျွန်မ အိပ်မရပါ။ တစ်ညလုံး ဆုတောင်း နေခဲ့ပါတယ်။ မနက်လင်းခါနီးကျမှ မှေးခနဲ အိပ်ပျော်ချိန်မှာ အိပ်မက်ရူပါရုံ မြင်ခဲ့ရပါ တယ်။ မှန်သော စကားပါ။ ကိုယ်တော်ဘုရား ဖူးစင်ကြည်လင်တောက်ပ လင်းလက် သော ခရစ်တော် ဘုရားရှင်ထံမှ သမီးက စာ မကျက်နိုင်ခဲ့ဘူးလို့ ပြောပြီး နှစ်သိမ့် အပြုံးနဲ့ ပျောက်ကွယ်သွားပါတယ်။ ကျွန်မ လန့်နိုးသွားပါတယ်။ ပူလောင်နေသော မအေးချမ်းသောစိတ်နဲ့ ယုံကြည်ပေမယ့် သံသယ ဖြစ်နေသော ကျွန်မကို သတိပေး တာပါ။ နိုးထချိန်မှာတော့ ဦးငယ်(ဖခင်ညီ) ရောက်လာပြီး "သမီးငယ် နင် အောင်တယ်" တဲ့ ကျွန်မ လျှင်မြန်စွာပဲ မေးလိုက်ပါတယ်။ (က) နဲ့လား၊ (ခ)နဲ့လား လို့။ (က) နဲ့တဲ့။ ဘုရားသခင်။ " အိုဘုရားသခင် ကျေးဇူးတင်ပါတယ် အဖဘုရားလို့ ဆုတောင်းပြီး အောင်စာရင်းကို ကိုယ်တိုင် သွားကြည့်ခဲ့ပါတယ်။ ကျွန်မရဲ့ နာမည် အောင်စာရင်းမှာ နော်သောသီဖော လို့ တွေ့ခဲ့ရပါတယ်။ ကျွန်မ ရင်ထဲ အတိုင်း မသိသော ခံစားမှုနှင့်အတူ အိမ်ကို ပြန်ရောက်ချိန်မှာတော့ ချုံးပွဲချ ငိုချလိုက်မိပါတယ်။ အဲဒါက ဘုရားရှင်၏ ကြီးမားသော မေတ္တာတော် ရရှိခံစားခဲ့ရခြင်း အတွက်ပါ။

(၃) ကျွန်မ အရာရာတိုင်း ဘုရားကို ဦးထိပ်ထားခဲ့ပါတယ်။ တိုင်ပင်တယ်။ ဒါပေမယ့် ဘုရားပေးသော ကောင်းကြီးကို ပြောင်းလဲခဲ့ခြင်းနှင့် ဘုရားခွင့်မပြုသော အရာကို လုပ်ခဲ့ခြင်းကြောင့် ကျွန်မ၏ အသက်တာ စုံစမ်းမှုများစွာဖြင့် ကြုံတွေ့ခဲ့ရပါတယ်။ ၁၉၉၈ ၌ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ အောင်မြင်ခွင့် ရရှိခဲ့ပါတယ်။ မထိုက်တန်သော်လည်း ကျွန်မ၏ အောင်မှတ်သည် အောင်ရုံထက် ကျော်လွန်နေခဲ့ပြီး ရူပဗေဒ ဘာသာရပ် ရရှိခဲ့ပါတယ်။ ကျွန်မက စာမလိုက်နိုင်ဘူးဆိုပြီး ရူပဗေဒမှ စီးပွားစီမံ ဘာသာရပ် ပြောင်းလဲ ယူခဲ့ပါတယ်။ ဘုရား ပေးသောအရာကို ဖယ်ခဲ့မိပါတယ်။ သူငယ်ချင်း အပေါင်းအသင်းများ တားသည့်ကြားမှ ပြောင်းလဲခဲ့ခြင်းပါ။ ထိုအချိန်၌ လူငယ် သဘာဝ ချစ်ရေးဆိုသူ ရှိလာပါတယ်။ ဘာသာတူ၊ လူမျိုးတူ ဖြစ်၍ ဘုရားရှင်ထံ သူနဲ့ လက်တွဲခွင့် တောင်းဆိုခဲ့ပါတယ်။ ခွင့် မပြုပါ။ အလိုတော် မရှိပါ။ ကျွန်မ မလုပ်နိုင်ဘူး ဆိုတာကို ဘုရားရှင်သိပါတယ်။ သို့သော် နှလုံးသားကို ကျွန်မ ဦးစားပေးခဲ့မိပါတယ်။ အဖ၏ သမီး အမှား လုပ်ခဲ့မိပါပြီ။ (၂၀၀၁) ကျွန်မ **(BM)** စီးပွားစီမံ ဘာသာရပ်ဖြင့် အဝေးသင်တက္ကသိုလ် တက်ခဲ့ပါတယ်။ လုပ်ချင်တာ လုပ်ခဲ့မိသော ကျွန်မ ပြစ်ဒဏ် ခံရပါပြီ။ ပထမနှစ် စာမေးပွဲ ကျပါတော့တယ်။ ထိုအချိန် ကျွန်မ ဒေဂုံ အထည်ချုပ်၌ အလုပ် လုပ်နေပါတယ်။ တစ်ခါမှ မကျဘူးတဲ့ စာမေးပွဲကျ ကျန်းမာခြင်းပါ ထိခိုက် လာလို့ အလုပ်က ထွက်ခဲ့ပါတယ်။ စာမေးပွဲကျ အလုပ်မရှိတဲ့ ကျွန်မကို ချစ်သူ အသိုင်းအဝိုင်းက ငြိငြင် လာပါတယ်။ အဲဒီ အပြင် ချစ်သူကို ဝေးသော နေရာကို ပို့ပြီး အလုပ် လုပ်စေခဲ့ပါတယ်။ ကျွန်မ စိတ်ဓါတ်ကျပြီး ချော်လဲ ရောထိုင် နေခဲ့မိပါတယ်။ အလုပ် မရှိ စာမေးပွဲကျနှင့် ယောင်နေသော ကျွန်မထံ မဖိတ်ခေါ်ပါပဲ ဒုက္ခဆိုသော အရာ ထပ်ရောက်လာပါတယ်။ သားသည် မိခင်ဖြစ်သော ကျွန်မရဲ့ သူငယ်ချင်းတစ်ယောက် ကျွန်မထံ ရောက်လာပြီး ရှီးရာ ဝတ်စုံ ရောင်းချင်တယ် ယူပေးပါ။ ကူညီပါ အလုပ် မရှိလို့ပါ ဆိုပြီး အကူအညီ တောင်းလာပါတယ်။ ကျွန်မလည်း အလုပ်မရှိတာနဲ့ ကူညီဖို့ ဆုံးဖြတ်ပြီး စာဘူးတောင်းမှ ခင်မင်ရသော အစ်မကြီးထံမှ ငါးသောင်းနီးပါး အထည်များ ယူပေးခဲ့ပါတယ်။ သူမက နှစ်လ ပေးနှင့် ရောင်းပါတယ်။ နှစ်လကုန်ပြီး ငွေ သွားတောင်းချိန်မှာတော့ နေ့ည ရွှေ့ပါတယ်။ နောက်ဆုံး ငွေတစ်ပြားမှ မပေးပဲ ထွက်ပြေး သွားခဲ့ပါတယ်။ "ငါ့မျက်ရည်သည် နေ့ညဉ့်မပြတ် ငါစားစရာ ဖြစ်ရ၏" (ဆာလံ၄၂း၃) ကျွန်မ ညစဉ် ခေါင်းအုံး မျက်နှာအပ် ငိုခဲ့ရပါတယ်။ ကျွန်မမှာ အလျော် ပေးစရာ ငွေတစ်ပြား မရှိပါ။ မိသားစုမှလည်း မကူညီနိုင်ကြပါ။ ဘုရားမှ တစ်ပါး ကိုးကွယ်ရာ မရှိ။ ထိုအချိန်မှာပဲ ကျွန်မထံ သီချင်းတစ်ပုဒ် ဘုရားရှင် ပို့ပေးခဲ့ပါတယ်။ ထိုသီချင်းအားဖြင့် ခွန်အားရရှိပြီး ဘုရားရှင်ထံ အပြစ်ဝန်ချ ကျိုးပဲ့သော စိတ်နှလုံးနှင့် ဆုတောင်း ချော်လဲ ရောထိုင် နေရာက ထပြီး ၂၀၀၁ ခုနှစ် တက္ကသိုလ် ဝင်တန်းအောင်အတန်း ကျောင်းကို ပြန်တက်ခဲ့ပါတယ်။ လျှော်ပေးရမည့် ငွေအတွက်လည်း ယုံကြည်သူ ခရစ်ယာန် ဖြစ်သော အစ်မကြီးက နားလည်ပေးပြီး လျှော်ပေးခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မ မေ့မထားပဲ ပြန်ဆပ်နိုင်ဖို့ ဆုတောင်းခဲ့ပါတယ်။ ကိုယ်တော် တကယ်ပဲ ကမ်းလင့်ကြိုပါတယ်။ ကျွန်မ၏ အဝေးသင် ပညာရေး ပထမ၊ ဒုတိယနှစ်၊ နောက်ဆုံးနှစ် များမှာ လိုအပ်သော အရာများ အချိန်မှီ ပြင်ဆင်ပေးခဲ့ပြီး (၂၆-၂-၂၀၀၆) နေ့ရက်၌ မိဘနှစ်ပါးနှင့်အတူ ကျွန်မ၏ အဝေးသင် ဒီဂရီ လက်မှတ် တက်ရောက် ယူခွင့် ရရှိခဲ့ပါတယ်။ ဘုရားရှင်ထံတော်မှ ကရုဏာနှင့် မေတ္တာတော် အတွက် ကျွန်မ ကျေးဇူးတော်ကို အခါခါသာပဲ ရေတွက်ချီးမွမ်းပါသည်။

(၄) ကျွန်မ၏ ဖခင်သည် အမှုတော်ဆောင် (ဝန်ထမ်း'ငြိမ်း') မိခင်သည် အထက်တန်းကျောင်းမှ အထွေထွေလုပ်သား ဝန်ထမ်းဖြစ်ပါသည်။ ကျွန်မတို့ မိသားစု ဝန်ထမ်း လိုင်းခန်းတွဲ၌ နေခဲ့သည်မှာ ကျွန်မ မွေးစမှ (၂၆)နှစ် အထိပါ။ ကိုယ်ပိုင် ခြံမြေ၊ အိမ်ယာ မရှိခဲ့ပါ။ သို့သော် စိတ်ချမ်းသာမှုနှင့် အသက် မွေးလောက်သော အစာကို ဘုရားရှင် ပြင်ဆင်ပေးခဲ့မှုအောက်မှာ ရဲရင့်စွာ ဖြတ်သန်းခဲ့ပါတယ်။ အသက် အရွယ် ရလာပြီး ဖြစ်သော မိဘများ အလုပ်မှ ရပ်နားသည့်အခါ ဘယ်မှာ နေမလဲ ဆိုသော အတွေး ဝင်လာချိန်မှာတော့ ၂၀၀၃ မှစ၍ ကျွန်မ ဘုရားရှင်ထံ ဘုရား ကျောင်းနှင့် နီးသော နေရာ၌ ခြံ၊ အိမ်ရရှိဖို့ ဆုတောင်းခဲ့ပါသည်။ ထို့အပြင် ပေးဆပ်ရမည့် ငွေငါးသောင်း အတွက်လည်း မေ့မထားပဲ ဘုရားရှင်ထံ၌သာ ကျွန်မ ပြန်ဆပ်ခွင့် ရရှိဖို့ ဆုတောင်းခဲ့ပါတယ်။ ဘုရားရှင် ကျွန်မ၏ ဆုတောင်းသံ နားညောင်း ခဲ့ပါတယ်။ တစ်ခုပြီး တစ်ခု ပြင်ဆင်ပေးပါတယ်။ ဒါပေမယ့် စိတ်ရှည်၊ သည်းခံမှု ရှိဖို့ သွန်သင်ပါတယ်။ ၂၀၀၅ ခုနှစ် ဦးပိုင်းမှာ စကော်ပူမှာ အိမ်မှုအလုပ် အတွက် လူခေါ်တယ် အသံကြားလို့ ကျွန်မ ဘုရားရှင်ထံ ဆုတောင်းပါတယ်။ ကျွန်မကို သုံးနှစ် အချိန်ပေးပါ မိဘနှစ်ပါးကို လုပ်ကျွေးခွင့် ပြုဖို့အတွက် စကော်ပူ၌ အလုပ်လုပ်နိုင်ရန် မစ သနားမှုပါရန် အသနားခံသည့်အခါ

Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076
E-mail; thelordword@gmail.com (( Phone (65) 81222320 ))



(၂၀၀၅) ခုနှစ် လယ်မှာ အသင်းတော်တစ်ခုမှ ဆရာတော်ကြီး တစ်ပါး၏ ဤကူအညီဖြင့် အေးဂျင့် တစ်ခုနှင့် အဆက်အသွယ် ရရှိခဲ့ပြီး နိုဝင်ဘာ ၂၀၀၅မှာ ကျွန်မ အင်တာဗျူး ဖြေခွင့် ရရှိခဲ့ပါတယ်။ ဘုရားရှင် အံ့သြ ဖွယ်ရာမှုကို ပြုလုပ်ပေးပါတယ်။ အင်္ဂလိပ်လို စကားပြော သင်တန်း မတက်၊ ကောင်းကောင်း နားမလည်ပါပဲနှင့် အင်တာဗျူး အောင်ခဲ့ပါတယ်။ ထိုနောက်ပိုင်း ပြည်ပ ထွက်ခွင့် စာရွက်စာတမ်း ပြုလုပ်သည့်အခါ၌ ကျွန်မ အတွေ့အကြုံ ဘာတစ်ခုမှ မရှိပါ။ ထို့ပြင် ဘာမှလည်း နားမလည်ပါပဲ အချိန်တိုတွင်းမှာပဲ (passport) စာအုပ် ရရှိခဲ့ပါတယ်။ ဘုရားရှင် ကျွန်မကို ချစ်ပါတယ်။ လူတိုင်းကို ချစ်ပါတယ်။ ကျွန်မ သိပါတယ်။ သို့သော် ကျွန်မ အပြစ်၏ သွေးဆောင်ရာသို့ လိုက်ပါမိခဲ့ပြန်ပါတယ်။ မယုံကြည်သူ တစ်ဦးနှင့် မေတ္တာမျှခဲ့ပါတယ်။ အပြစ် လုပ်မိတဲ့ အတွက် (April 2006) မှာ ကျွန်မ အိမ်ရှင်ရပါပြီ။ အေးဂျင့်မှ သူဌေး ခေါ်တွေ့ မေးချိန်မှာတော့ ကျွန်မ အင်္ဂလိပ် သိပ်ညံ့ တယ်တဲ့။ ပြန်ကြိုးစားပါ ဆိုပြီး ငြင်းပယ်ခံရပါတယ်။ ကိုယ့်အမှား ကိုယ် မမြင်ပဲ ဘယ် တတ်နိုင်မလဲ အခုမရ၊ နောက် ရမှာပေါ့လို့ ဖြေတွေးပြီး ဆက်မိုက်ခဲ့ မိပါတယ်။ တစ်လပြီး တစ်လ အချိန်ကုန်လို့ လာပါတယ်။ နိုင်ငံခြား မသွားရသေးပါ။ လူတွေကလည်း ဘယ်တော့ သွားရမလဲလို့ လူတွေ့တိုင်း မေးမေးလာချိန်မှာတော့ ကျွန်မ ရင်တွေတုန်၊ မျက်နှာတွေပူ လာပါတော့တယ်။ ဇွန် ၂၀၀၆ နှစ်ဝက် ကျိုးပြီး နိုင်ငံခြား မထွက်ရသေးပါ၊ ကျွန်မရဲ့ အမှားတွေ မြင်လာပါတယ်။ ကျွန်မ (၂၁–၆–၂၀၀၆) ည ဘုရားရှင်ထံ အမှားများ ဝန်ချ၊ မယုံကြည်သူနှင့် ပြတ်စဲပြီး အလုပ်လုပ်၍ ပြန်သည့်အခါ ကျမ်းစာကျောင်း တက်ပါ့မယ်လို့ မျက်ရည်များနှင့် ဆုတောင်းပါတယ်။(၂၂–၆–၂၀၀၆) မနက် မယုံကြည်သူ ချစ်သူကို မဖြစ်နိုင်တော့ဘူးလို့ ပြောပြီး ဆက်သွယ်ရေး စာတိုက်သွား၍ အေးဂျင့်ထံ ဖုံးခေါ်ပါတယ်။ ဘုရားရှင် ဆုတောင်းသံကို နားညောင်းပါတယ်။ အေးဂျင့် အစ်မထံမှ "သောသီ work permit ရပြီ (၂၆) ရက်နေ့ ထွက်ရမယ်"ဆိုတဲ့ မင်္ဂလာ စကားကို ကြားရပါတယ်။ ဘုရားရှင်သည် ကတိတည်တော်မူသော ဘုရားရှင်ဖြစ်ပါတယ်။ ဖန်ဆင်းရှင် ဖြစ်သည့်အတွက် အရာရာကို ပေးပိုင်သော အရှင်ဖြစ်ပါတယ်။ ကျေးဇူးကို ရေတွက်ချီးမွမ်းပါ၏ အဖဘုရား။ (အာမင်)

စကာ်ပူ ရောက်ချိန်၌ ကျွန်မ ဘာသာစကား မကျွမ်းကျင်မှု၊ အလုပ်ခွင် မကျွမ်းကျင်မှုကြောင့် အခက်အခဲ ပေါင်းများစွာဖြင့် ရင်ဆိုင်ခဲ့ရပါတယ်။ သို့သော် ဘုရားရှင် အတူ ပါရှိမှုကြောင့် ယခု ကျွန်မ၏ အလိုဆန္ဒများ ဖြစ်သော မိဘ(၂)ပါးအား လုပ်ကျွေး ပြုစုခွင့်၊ ပေးဆပ်ရမည့် အကြွေးများအား ပြန်လည် ပေးဆပ်နိုင်ခွင့်၊ (၂)နှစ် ပြည့်ချိန် မြန်မာပြည် ပြန်၍ မိသားစုနှင့် တွေ့ဆုံခွင့်၊ ခွင့်စေ့၍ စင်ကာပူပြန်လည် ရောက်ရှိကာ (၃)နှစ်ပြည့်သည့်တိုင် အလုပ်လုပ်နိုင်ခွင့် ရခဲ့ပါတယ်။ ကျွန်မ ဘုရားရှင်ထံ၌ (၃)နှစ် ခွင့်တောင်းခဲ့ပါတယ်။ ကျွန်မ တောင်းလျှောက်ခဲ့သော အရာများ ဘုရားရှင် မပျက်မကွက် ပေးခဲ့ပါတယ်။ (၃)နှစ်ပြည့်ပြီး ဖြစ်ပေမယ့် ကျွန်မ၏ စာချုပ် သက်တမ်း (၁)နှစ် ကျန်ပါသေးတယ်။ ကျန်သော (၁)နှစ်ကတော့ ဘုရားရှင်ရဲ့ အလိုတော် အတိုင်းပါ။ အဆင်ပြေရင် ဆက်လုပ်၊ အလိုတော်အရ အိမ်ပြန် ရရင်လည်း ဘုရားရှင်၏ အမှုတော်မြတ်၌ ပါဝင်ပေးဆပ်ဖို့ ကျွန်မ ဆုံးဖြတ်ထားပါတယ်။ ကျွန်မ၏ ယခု စာများ အား ဆရာ အဆင်ပြေသလို စီစစ်ပေးပါ။ စာရေးခြင်းသည် ခက်ခဲသော အရာပါ။ စာရေးခြင်းအားဖြင့် ဘုရားရှင် အမှုတော်မြတ်၌ စွမ်းစွမ်းတမံ ပါဝင် ဆက်ကပ်နေသော ဆရာ့ကို ကျွန်မ အားကျ ဂုဏ်ယူလေးစားမိပါတယ်။ ဤစာ အတွက်လည်း ကျေးဇူးတင်ပါတယ်။ ဆရာ့ကို ဘုရားရှင် ကောင်းကြီးပေးပါစေလို့ ဆုတောင်းရင်း ကျေးဇူးတင်စွာဖြင့် ....။ ။ *(သောသီ)*

---

## စင်ကာပူရောက် ကျေးဇူးတော်များ *အန်တီတစ်ဦး*

အရင် ဆောင်းပါးတစ်ခုမှာ ကျေးဇူးတော်များ ရေတွက် ပြီးနောက် နာဂစ်နောက်ပိုင်းမှာကြုံတွေ့ရတဲ့ ကျေးဇူးတော်များကို ရေတွက်ရမယ်ဆိုရင် အများကြီးပါပဲ။ နာဂစ် ဖြစ်တုန်းက ချင်းမိုင်မှာ အပန်းဖြေရင်း အစည်းအဝေး သွားတက်တာနဲ့ ကြုံလို့ လူအများ ဒုက္ခ ရောက်၊ အိမ်ယာတွေ ပျက်စီးကုန်ကြတာတွေ ကြားသိရတယ်။ သွပ်၊ သံတို့ ခြင်ထောင် တို့ လိုက်ဝယ်ကြတဲ့လူတွေ လှူကြ တန်းကြတဲ့လူတွေ အလုပ်ရှုပ်ပြီး ရန်ကုန် လူကြုံနဲ့ လိုက်ပို့ကြဖို့ စီစဉ်နေကြတယ်။ ကိုယ့်အိမ်ကတော့ ဘာ သတင်းမှ မကြား ရတော့ ဒီတစ်ခါ ကိုယ်လည်း သူများတွေလိုပဲ အမိုးလွင့်၊ အမိုးလန်၊ ငွေကုန် ကြေးကျဦးမှာပဲလို့ ထင်ထားခဲ့မိပါတယ်။ အိမ်မှာလည်း ယောကျ်ားလေး တစ်ယောက်မှ မရှိတော့ ဒုက္ခပဲ ဆိုပြီး အဆိုးဆုံးကို မျှော်လင့်ခဲ့ပါတယ်။ စင်္ကာပူ ရောက်လို့ သတင်း ပြန် နားထောင်တဲ့အခါ ကျွန်မရဲ့ နှစ်ထပ်အိမ်ဟာ ဘာမှမဖြစ်ပဲ မုန်တိုင်းဒဏ်ကို တောင့်ခံ နိုင်ခဲ့တယ်။ နှစ်ထပ် ဖြစ်ပြီး လမ်းဘေးမှာ ထီးထီးကြီး ဖြစ်နေပေမယ့် သွပ်တစ်ချပ် မှ မလန်သွားပါဘူး။ အိမ်မှာ ရှိတဲ့ တူမ ကျောင်းသူနှစ်ယောက်လည်း အိမ်ထဲမှာ ရေ ခေတ္တခဏ တက်လို့ ထမင်း ချက်စားရတာ မလွယ်တာက လွဲလို့ အိမ်အမိုး ဘာမှ မဖြစ်တာကို ကျေးဇူးတော် ရေတွက် ချီးမွမ်းနေကြတယ်။

အခုတခါ ကျေးဇူးတော် ရေတွက်ချင်တာကတော့ စင်ကာပူ အသင်းတော် တစ်ခုက ဆရာတစ်ပါး ဟောပြောနေကျ စကားပဲဖြစ်ပါတယ်။ "ဘုရားဖွင့်ပေးတဲ့ တံခါးကို ဘယ်သူမှ ပိတ်လို့မရဘူး" ဆိုတဲ့ အတိုင်းပါပဲ။ ရန်ကုန်တက္ကသိုလ်မှာ ၂၇နှစ်တာ တာဝန်ထမ်းဆောင်ခဲ့တုန်း ကတည်းက အားကစား သမားတွေလို နိုင်ငံခြားမှာ ခြေစမ်းခွင့် ယှဉ်ပြိုင်ခွင့် မရခဲ့ပါဘူး။ ကိုယ့်ဟာကိုယ် နိုင်ငံခြား ထွက်လာတော့ ကိုယ့်ရဲ့ ဘာသာရပ်နဲ့ဆိုင်တဲ့ ကျောင်း တစ်ခုခု တက်ချင်နေတာ လမ်းက မပွင့်ခဲ့ဘူး။ မပွင့်ပုံကလည်း အချိန် မတော်သေးလို့ ဘုရားက ကြုံကြုံဖန်ဖန် မဖွင့်ပေးတာက ထူးဆန်းနေတယ်။ RELC ဟိုတယ်မှာ ASEAN နိုင်ငံများက လာတဲ့ အင်္ဂလိပ်စာ ဆရာ၊ ဆရာမတွေ သင်တန်းရှိတိုင်း ရန်ကုန်က ဆရာ၊ ဆရာမတွေကို သွားတွေ့နေကျပါ။ အဲဒီ ဟော်တယ်ရဲ့ နောက်ဖေးပေါက်ကနေ ဝင်ထွက်နေကျပါပဲ။ တနေ့တော့ TESOL သင်တန်းအတွက် ဝင်ခွင့်စာမေးပွဲဖြေဖို့ သွားတာ ကားမှတ်တိုင်လည်း ကျော်သွားတယ်။ နောက်ကို လမ်းပြန်လျှောက်တော့လည်း ဝင်ပေါက်သေးသေးလေးကို ပြန်ရှာလို့ မတွေ့တော့ဘူး။ ခေါက်တုန့် ခေါက်ပြန် Raffles Secondary အထိရှာလည်း ပြန်မတွေ့ဘူး။ တံခါးပေါက်လေးက အပင်တွေကြားထဲ ဘယ်လို မျက်စိမှောက် သွားမှန်းလဲ မသိဘူး။ နောက်ဆုံးတော့ စာမေးပွဲဖြေချင်တာနဲ့ Taxi ငှားပြီး ကုန်းပေါ် ပြန်တက်ပြီး ဟော်တယ် ရှေ့ပေါက်ကနေ ဝင်လိုက်တယ်။ အဲဒီတော့မှ စာမေးပွဲကို တစ်ယောက်တည်း ဝင်ဖြေခဲ့ရတယ်။ ရေးဖြေ Essay ဖြေပြီး နှုတ်ဖြေ ဖြေရသေးတယ်။ အချိန်ကျတော့ အောင်တယ်လို့ အကြောင်းကြားလာတယ်။ ဒါပေမယ့် ဖြေဆိုသူ နည်းလို့ အဲဒီအခေါက်က TESOL သင်တန်း မဖွင့်ဖြစ်ဘူး။ နောက် တစ်ခေါက် ဖွင့်ရင် ဦးစားပေးမယ်လို့ အကြောင်းကြားလာတယ်။ ဒါပေမယ့် ဝင်ကြေး ဒေါ်လာငွေ ထောင်ဂဏာန်းကို ပေးသွင်းဖို့ အဆင် သိပ်မပြေတာနဲ့ သင်တန်းတက်ရမယ့် လမှာ လူ ပြည့်သွားလို့ တက်ခွင့် မရပြန်ဘူး။ ဝင်ခွင့်ရပြီးမှ တက်ခွင့် မရလိုက်လို့ တော်တော်တော့ နမြောသွားတယ်။ ဒီတစ်သက်တော့ နိုင်ငံခြား သင်တန်းလက်မှတ် တစ်ခုမှ မရနိုင်တော့ဘူးလို့ ထင်တယ်။ ဒီလိုနဲ့ပဲ အလုပ်ထဲမှာ စိတ်ကို နှစ်လိုက်တယ်။

အိမ်လည်း လိပ်စာ ပြောင်းသွားလို့ RELC ဟိုတယ်နဲ့လည်း ဝေးသွားတယ်။ ကျောင်းတက်ဖို့ ကိစ္စလည်း မေ့ထားလိုက်တယ်။ တစ်နေ့တော့ ဟိုတယ် တစ်ခုမှာ စည်းဝေးလာတက်တဲ့ ညီမကို သွားတွေ့တယ်။ ရောက်ရောက်ချင်း ဟိုတယ် ဝန်ထမ်းတွေ နေရာချပေးတာကို ထိုင်စောင့်နေရတယ်။ ကိုယ်က လူပို ဖြစ်နေတော့ ရှေ့မှာ ချထားတဲ့ သတင်းစာကို ကောက်ဖတ်လိုက်တယ်။ လှန်လှော ရင်းနဲ့ အလယ်ရောက်တော့ TESOL သင်တန်းတစ်ခု London Teachers Training College က ဖွင့်တဲ့ ပထမဦးဆုံး သင်တန်းပဲ။ စိတ်ဝင်စားသွားတာနဲ့ နေရာ၊ အချိန်တွေ လက်ရေးနဲ့ ကူးထားလိုက်တယ်။ တကယ်တော့ အိမ်မှာ အမှိုက် သိမ်းရတာ ရှုပ်လို့ သတင်းစာ မဝယ်တာ ကြာပြီ။ ဖတ်ဖြစ်ဖို့ အကြောင်း မရှိဘူး။ ဒါနဲ့ နောက် တစ်နေ့ ကြေညာထားတဲ့ ဖုန်းနံပါတ်အတိုင်း ဖုန်းဆက် ကြည့်လိုက်တာ ၁၁ နာရီ ကျရင် Preview ရှိတယ်လို့ဆိုတယ်။ ဖြစ်ချင်တော့ အဲဒီနေ့မှာပဲ အိမ်က ဆရာ ပါရမီဖြည့်ဖက်က Off day ဖြစ်နေတော့ Taxi နဲ့ကမန်းကတန်း လိုက်ပို့ပေးတယ်။ ၁၁နာရီတိတိမှာ ရောက်တာ စောလို့တောင် နေတယ်။ ကျန်လူတွေကို စောင့်နေတုန်းပဲ။ တကယ်တက်မယ့် သူရော လာနားထောင်တဲ့လူရော အယောက်နှစ်ဆယ်လောက် ရှိမယ်။ ပြီးတော့ တက်ရင် ဒေါ်လာငွေ ၂၃၈၀ သွင်းရမယ်။ ဒီတစ်ခါတော့ အခွင့်အရေး ဆုံးရှုံး သွားမှာ စိုးလို့ အရစ်ကျသွင်းလို့ရတယ် ဆိုတာနဲ့ပဲ ငွေတော့ ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် သွင်းဖို့ ဆုံးဖြတ်လိုက်တယ်။ စာက လွယ်မလား၊ ခက်မလား၊ အလုပ် တဖက်နဲ့ နိုင်ပါ့မလား စဉ်းတော့ စဉ်းစားစရာတွေပဲ။ ဘာပဲဖြစ်ဖြစ် တက်တော့ တက်ကြည့်မယ် ဆိုပြီး စာရင်း သွင်းလိုက်တယ်။ ဒီလိုနဲ့ သင်တန်းချိန် ည၇နာရီမှ ည၁၀နာရီထိ ၄လ ကာလကို ရှောရှောရှူရှူ ပြီးမြောက်ခဲ့တယ်။ သင်တန်းမှာ အသက်အကြီးဆုံး ဖြစ်ပေမယ့် အလုပ် အမျိုးမျိုး၊ အတန်းပေါင်းစုံ၊ စာအုပ် ပေါင်းစုံကို ကိုင်တွယ်သင်ကြား လာတဲ့အတွက် အတွေ့အကြုံက ဆရာ ပြောသမျှကို နားလည်စေတယ်။ နိုင်ငံခြားသား တွေ ကြားထဲမှာ မျက်နှာ မငယ်ရပဲနဲ့ အောင်မြင်စွာ ပြီးဆုံးသွားတယ်။ အရင်တုန်းက မရခဲ့တဲ့ အခွင့်ထူးကိုလည်း ရခဲ့တာဟာ ကျေးဇူးတော်တစ်ခုပါပဲ။ နောက် ဆက်တွဲ အနေနဲ့ ဒီအင်္ဂလိပ်စာ သင်ကြားနည်း သီအိုရီတွေကို ထပ်မံပြီး လက်တွေ့ အသုံးချ အကောင်အထည်ဖော်ဖို့ အခွင့်အရေး ထပ်ရရှိလာပြန်တယ်။ ဒါကြောင့် အချိန်တန်ရင် ထူးထူးခြားခြား ဘုရား လမ်းဖွင့် ပေး တာကို လက် တွေ့ ကြုံခဲ့ရပုံ ပြောပြချင်ပါတယ်။ တံခါးပိတ် ထားချိန်မှာလည်း သည်းခံ စောင့် စား ဖို့နဲ့ ဘုရားသခင်ကို အပြစ်တင် မစောဖို့ သတိပေး ခွန်အားပေးလိုပါတယ်။ အိမ်တိုင် ရာရောက် ဒုက္ခခံပြီး စာမူတွေကို ပို့ပေးတဲ့ ဆရာမင်းအောင်သက်လွင်ကို



သခင့်စကား ဓိညာဉ်ရေး ရာစာစောင်၊ အမှတ်စဉ် ၁၀၀ (ရာပြည့်အမှတ်တရ)၊ ဒီဇင်ဘာလ ၂၀၀၉ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် စာပေဝါသနာရှင်များ
ဝိုင်းဝန်းရေးသားပြီး မြန်မာအသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန်သတ် ထုတ်ဝေသည်။ (၂၀၀၁ ခုနှစ် ဇက်တင်ဘာလ ကတည်းက စတင်ဖြန့်ဝေသည်)

အထူး ကျေးဇူးတင်ပြီး သူ့ရဲ့ ဇေ၀ဂေလိလုပ်ငန်း ဆထက်တပိုး တိုးတက်ပါစေလို့ မေတ္တာ ပို့ပါတယ်။ ॥ **အန်တီတစ်ဦး**

---

## ခရစ်စမတ်ကိုချစ်တယ် *(မင်းအောင်သက်လွင်)*

ခရစ္စမတ် ရောက်လို့ ကယ်ရယ်စင်းငင်း (Carol singing) ထွက်ဆိုရတဲ့ အရသာဟာ ကလေးဘ၀မှာ ဘာနဲ့မှ လဲလို့ မရတဲ့ အရာတစ်ခုပါ။ စာမေးပွဲတွေ ရှိတဲ့ အတွက် လူကြီးမိဘတွေတားတဲ့ ကြားက ဆောင်းနှင်းဖွေးဖွေး ချမ်းချမ်းအေးအေးမှာ သူငယ်ချင်းတွေနဲ့ တစ်အိမ်တက်ဆင်း ခရစ္စမတ် နှုတ်ဆက်သီချင်းလိုက်ဆို၊ အိမ်ရှင်တွေက ညှော့ခံကျွေးမွေးတဲ့ အစာတွေ လိုက်စား။ အိုး ... ဘယ်လောက်ပျော်စရာကောင်း လိုက်သလဲ။ ယယ်ယယ်တုံးက ‘လ’တကာ လ တွေထဲမှာ ဒီဇင်ဘာလ ကို အကြိုက်ဆုံးပါ။ (အခုထိလဲ ကြိုက်နေဆဲပါဘဲ။) ကျွန်တော် အသက် ၁၈နှစ်မှာ ဆန်းဒေးစကူးလ် ဆရာ ဖြစ်လာတော့ သူငယ်ချင်းတွေနဲ့ မပျော်ရတော့ဘဲ၊ ကိုယ့်တပည့်တွေ ဖြစ်တဲ့ ဆန်းဒေးစကူးလ် ကလေးတစ်သိုက်ကို ဦးဆောင်ပြီး ညဘက်မှာ ရပ်ကွက် အနီးအနား တစ်ဝိုက်မှာ အသက် ၅နှစ်မှ ၁၈နှစ် အကြားရှိတဲ့ ကလေးငယ် အယောက် သုံးဆယ်ခန့်ကို တာဝန်ယူပြီး သီချင်းလှည့်ဆိုရတာ တာဝန်ကြီးလှပါတယ်။ ဆန်းဒေးစကူးလ် ကလေးတွေ အအေးမိ နှာစေးမှာ၊ ခွေးကိုက် ခံရမှာ၊ အရက်မူးသမားတွေ လိုက်နှောက်ယှက်ခံရမှာ၊ အချင်းချင်း ရန်ဖြစ်မှာ စတဲ့ ပူပင်စရာတွေ များစွာနဲ့မို့ သီချင်း မထွက်ဆိုချင်ပေမဲ့ ကလေးတွေက ဆန္ဒ သိပ်ရှိနေတာကြောင့် မိဘတွေဆီ လိုက်လံ ခွင့်တောင်း တာဝန် ခံပြီး ခရစ္စမတ် မတိုင်ခင် တစ်ပါတ်လောက် အလိုမှာ သီချင်းထွက်ဆို ဖြစ်ခဲ့ပါတယ်။ ပထမ တစ်နှစ်မှာ ယုံကြည်သူ ခရစ်ယာန်အိမ်တွေကိုဘဲ ရွေးဆိုခဲ့တဲ့အတွက် ယုံကြည်သူ တွေက ကျွန်တော်တို့ ဆန်းဒေးစကူးလ် ကလေးအဖွဲ့ကို အလှူငွေတွေ ပေးကြပါ တယ်။ အလှူငွေတွေ ရလာတော့ နှစ်ပုံစီ ခွဲပြီး တစ်ဝက်ကို ရန်ကုန် နားမကြား ကျောင်းက ကလေးတွေ အတွက် စာရေးကိရိယာတွေကို တတ်နိုင်သလောက် ဝယ်ပြီး သွားလှူခဲ့ပါတယ်။ ကျန်တဲ့ တစ်ဝက်ကိုတော့ ကျွန်တော့် ဆန်းဒေးစကူးလ် ကလေး တွေရဲ့ ခရစ္စမတ် လက်ဆောင်နဲ့ အကျွေးအမွေး အတွက် ဖယ်ထားခဲ့ပါတယ်။ ကလေး တွေက သူတို့ သီချင်း လိုက်ဆိုလို့ရတဲ့ အလှူငွေကို သူတို့ ကိုယ်ရေးကိုယ်တာ အတွက်ဘဲသုံးချင်ကြပါတယ်။

ဒါပေမဲ့ ကျွန်တော်က ဒီလောကထဲမှာ ဒုက္ခိတ ကလေးတွေ ရှိကြောင်း၊ ဒုက္ခိတ ကလေးတွေကို သနားကြင်နာရမှာ ဖြစ်ကြောင်း မိမိမှာရှိတဲ့ အရာကို အငယ်ဆုံးသော သူလို့ သခင်ယေရှု သွန်သင်ထားတဲ့ ဒုက္ခသည်တွေကို ပေးလှူရမှာ ဖြစ်ကြောင်း ပြောပြရင်း ကျွန်တော့် ဆန်းဒေးစကူးလ် ကလေးတွေကို နားမကြားကျောင်းက ကလေးတွေဆီ ခေါ်သွားခဲ့ပြီး သူတို့ကိုယ်တိုင် လှူဒါန်း စေခဲ့ပါတယ်။ နားမကြား ကလေးတွေနဲ့ သူတို့ကို တစ်နေ့တာ အတူတူ နေစေခဲ့ပြီး၊ နားမကြား ကလေးတွေရဲ့ ဘ၀ကို အနီးကပ် လေ့လာစေခဲ့ပါတယ်။ နားကြားတဲ့ ကလေးနဲ့ နားမကြားတဲ့ ကလေးချင်းက ကလေးချင်း အတူတူမို့ သူတို့ အချင်းချင်း မိတ်သဟာယ ဖွဲ့ကြ၊ လေ့လာကြ၊ အသိအမြင်တွေ ဖလှယ်ကြပါတယ်။ တန်ဖိုး ကြီးကြီး မားမား မဟုတ်ပေမဲ့ ခရစ္စမတ် သီချင်းဆိုလို့ ရတဲ့ အလှူငွေထဲက တတ်နိုင်သလောက် ရတဲ့ ငွေနဲ့ စာအုပ်တွေ၊ ခဲတံတွေ၊ ခဲဖျက်တွေကို နားမကြား ကျောင်းက ကလေးတွေအတွက် ဝယ်ပြီး သွားလှူခဲ့တဲ့ အတွက် ကျွန်တော့် ဆန်းဒေး စကူးလ် ကလေးလေးတွေ အရမ်း ပျော်ကြပါတယ်။ သူတို့ဘ၀မှာ တစ်ခါဖူးမှ မလုပ်ဖူးတဲ့ ကုသိုလ်မို့ သူတို့ အရမ်း ကြည်နူးကြပါတယ်။ ကိုယ်လက်အင်္ဂါတွေထဲမှ အကြား အာရုံ ချို့ယွင်းနေတဲ့ သူတွေကို မြင်တဲ့အခါမှာ ကိုယ်အင်္ဂါ မချို့ယွင်းတဲ့ ကိုယ့်ဘ၀ အတွက် ဘုရားသခင်ကို ကျေးဇူး တင်ဖို့နဲ့ ကိုယ်အင်္ဂါ ချို့ယွင်းတဲ့ သူတွေကို သနား ကြင်နာ တတ်ဖို့ သင်ခန်းစာတွေ သူတို့ ရသွားခဲ့ပါတယ်။ နောက်တစ်နှစ်မှာတော့ ယုံကြည်သူ ခရစ်ယာန်အိမ်တွေကို သွားမဆိုတော့ ဘဲ မယုံကြည်သူတွေ အိမ်ကို ရွေးပြီး သွားဆိုဖို့ ကလေးတွေနဲ့ တိုင်ပင်ပြီး ဆုံးဖြတ် လိုက် ကြပါတယ်။ ကလေးတွေကလဲ သဘောတူပါတယ်။

ကလေး တစ်ယောက်စီရဲ့ ကျောင်းက အခင်မင်ဆုံး မယုံကြည်သူ အနည်းဆုံး သူငယ်ချင်း တစ်ယောက်ယောက်ရဲ့ အိမ်မှာ ညဘက် ခရစ္စမတ် သီချင်း လာဆိုဖို့ အဲဒီ သူငယ်ချင်း ဆီမှာ ခွင့်တောင်းဖို့ တာဝန် ပေးလိုက်ပါတယ်။ ကျေးဇူးတော်ပါဘဲ၊ ကျွန်တော့် ဆန်းဒေး စကူးလ် ကလေး တွေက သူတို့ ကျောင်းက မယုံကြည်သူ သူငယ်ချင်း တစ်ယောက်စီကို ဖိတ်ထားပြီး ညရောက်တော့ ကလေး တစ်သိုက် (အယောက် ၃၀ခန့်)ကို မယုံကြည်သူ ရပ်ကွက်ထဲ ခြေလျင် လျှောက်ပြီး သီချင်းသွားဆိုခဲ့၊ ကယ်တင်ခြင်း တရားဟောတဲ့ ဝေစာ စာရွက် လေးတွေ ဝေငှ ခဲ့ပါတယ်။ မယုံကြည်သူ သူငယ် ချင်းတွေနဲ့ မိသားစုတွေကလဲ ကျွန်တော်တို့ အဖွဲ့ကို လိုလိုလားလား လက်ခံကြ ပါတယ်။ မယုံကြည်သူ နောက်ရပ်ကွက် တစ်ခုထဲ ရောက် သွားချိန်မှာတော့ တစ်ရပ်ကွက်လုံး မယုံကြည်သူ အိမ်တွေ များတဲ့အပြင် ည သန်းခေါင်ယံ အချိန်လဲ ဖြစ်နေခဲ့ပြန်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် အသုဘ အိမ် တစ်ခုကလဲ ရှိနေတဲ့အတွက် ရပ်ကွက်ထဲက လူတွေက အဲဒီ အသုဘအိမ်မှာ အသုဘ စောင့်ရင်း ဖဲရိုက် အရက် သောက်နေကြပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် နည်းနည်း တွေဝေသွားပါတယ်။ အဲဒီ အသုဘ အိမ်နားမှာ ခရစ္စမတ် သီချင်း ဆိုစရာ အိမ်ကလဲ ကျွန်တော့် ဆန်းဒေးစကူးလ် ကလေးမ ဖိုးမူဆိရဲ့ အတန်းပိုင် ဆရာမအိမ် ဖြစ်နေတော့ သီချင်း လာဆိုမယ်လို့ ပြောထားပြီး မဆိုဖြစ်ခဲ့ရင် ဆရာမ စိတ်ဆိုးမှာလဲ ကြောက် မိသလို သီချင်း ဆိုလိုက်ပြန်ရင်လဲ တိတ်ဆိတ်နေတဲ့ အချိန်မှာ ဝမ်းနည်း ပက်လက် ဖြစ်နေတဲ့ အသုဘရှင်တွေကို အားနာမိသလို ဖဲဝိုင်းထဲ အာရုံရောက်နေတဲ့ သူတွေက ကျွန်တော် တို့ သီချင်းသံကြောင့် အနှောင့်အယှက်ဖြစ်သွားမှာ စိုးရိမ် မိပြန် ပါတယ်။ စိတ်ဆိုးတတ်တဲ့ အရက်မူးသမားတွေက လာရမ်းကားမှာလဲ စိုးရိမ် မိပြန်ပါတယ်။ သီချင်း ဆိုသင့် မဆိုသင့် ချင့်ချိန်နေတုံးမှာ ကလေးတွေက ဆိုမယ်လို့ တညီတညွတ်တည်း ဆန္ဒ ဝိုင်းပြုကြတာကြောင့် ဆရာမရဲ့ အိမ်မှာ သီချင်းဆိုဖို့ ခွင့်ပြုလိုက်ပါတယ်။ ကလေးတွေပီပီ သီချင်းကို အားရပါးရ အော်ဆိုတတ်တာကြောင့် ကျွန်တော်က အခုလို မယုံကြည်သူ ရပ်ကွက်ထဲမှာ သီချင်းကို နင်းကန် အော်မဆိုဘဲ လူကြားလို့ ကောင်းအောင် တိုးတိုး ညင်ညင် သာသာနဲ့ ကောင်းကောင်းဆိုဖို့ သတိပေး လိုက်ပါတယ်။

တိတ်ဆိတ်နေတဲ့ ည အချိန်မှာ ကျွန်တော့်ရဲ့ ဂီတာကို ညင်သာစွာ စတင်တီးခတ်လိုက်ချိန်မှာတော့ ကလေးတွေရဲ့ သာယာတဲ့ သီချင်းသံ ထွက်ပေါ်လို့ လာခဲ့ပါတယ်။ အေးဆေးညိမ့်ညောင်းတဲ့ သံစဉ်နဲ့ သီချင်းသုံးပုဒ်ဘဲ ဆိုဖို့ဆုံးဖြတ်ပြီး ပထမအပုဒ် ဆိုအပြီးမှာ ဖဲဝိုင်းထဲက လူတွေ ထလာကြပါတယ်။ ဒုတိယ အပုဒ် ပြီးချိန်မှာတော့ ဆရာမ အိမ်တံခါး ပွင့်လာသလို ဘေးအိမ်တွေကလဲ နိုးလာပြီး မီးတွေဖွင့် တံခါးတွေ ပွင့်လာကြပါတယ်။ တတိယနဲ့ နောက်ဆုံး တစ်ပုဒ် ဆိုချိန်မှာတော့ တစ်ရပ်ကွက်လုံးနီးပါးက ကလေးလူကြီးတွေ အားလုံး ဆရာမ ခြံဝိုင်းလေးထဲ ဝင်လာပြီး ခရစ္စမတ် သီချင်းဆိုနေတဲ့ ကျွန်တော်နဲ့ ကလေးတစ်သိုက်ကို ဝိုင်းရံထားလိုက်ကြပါတယ်။ ကျွန်တော်တို့ အားလုံးရဲ့ စိတ်ထဲမှာတော့ သူတို့ ရပ်ကွက်ထဲ သီချင်းလာဆိုတဲ့ ငါတို့ အဖွဲ့ကို ငြူစူဆဲဆို မောင်းထုတ်မလားဆိုတဲ့ သံသယ စိုးရိမ်စိတ်လေးတွေ ကိုယ်စီနဲ့ပေါ့။ လူတွေ များလာလေ၊ ကျွန်တော်က ပိုစိုးရိမ်လေပါဘဲ။ ပြဿနာတစ်ခုခု ဖြစ်ရင် ကျွန်တော်တို့ ဘက်မှာက ကလေးငယ်လေးတွေနဲ့ မိန်းမပျိုလေးတွေဘဲ ပါတဲ့အပြင် ယောကျာ်းသား ကြီးကြီးမားမားဆိုလို့ ကျွန်တော် တစ်ယောက်ဘဲ ရှိတာမို့ အရက်မူးသမားတွေ ရန်စ ရမ်းကားမှာကို အရမ်း စိုးရိမ်ခဲ့ရပါတယ်။ သီချင်း သီဆိုပြီးဆုံးချိန်မှာတော့ ဝိုင်းရံထားတဲ့ လူအုပ်ကြီးက အပြစ် မတင် တဲ့အပြင် နောက်ထပ် တစ်ပုဒ် နှစ်ပုဒ် ဆက်ဆိုပေးပါအုံး၊ သူတို့ အိမ်မှာလဲ လာဆို ပေးပါအုံးလို့ ဝိုင်းခေါ်ကြပါတယ်။ ဆိုရမဲ့ အိမ်တွေက များတာမို့ ကျွန်တော် က ရပ်ကွက် အလယ်ကောင်မှာ တစ်လမ်းလုံးကြားအောင် စုပေါင်းပြီး ဆိုပေးပါ့မယ် ဆိုတဲ့ အကြံပြုချက်ကို သူတို့က လက်ခံတဲ့အတွက် တစ်ရပ်ကွက်လုံးအတွက် နောက်ထပ် သီချင်းခြောက်ပုဒ် ဆိုခဲ့ရပါတယ်။ သီချင်းဆိုပြီးတော့ ပါလာတဲ့ ကယ်တင်ခြင်းတရား ရေးသားချက် ဝေစာလေးတွေကို ဝေငှပြီး သူတို့ လမ်းထဲက ထွက်လာတဲ့ ကျွန်တော် တို့ ကလေးအဖွဲ့တစ်သိုက်ကို မယုံကြည်သူတွေက လမ်းထိပ်အထိ လိုက်ပို့ကြပါတယ်။ နောက်နေ့ (နောက်နှစ်) တွေမှာလဲ အခုလို လာရောက် သီဆို နှုတ်ခွန်းဆက်ဖို့ တဖွဖွ မှာကြားကြပါတယ်။ ကျွန်တော်တို့ အဖွဲ့လဲ ကြောက်ကြောက်လန့်လန့်နဲ့ ပြန်လာခဲ့ရပါတယ်။

အိမ်ရောက်လို့ ပြန်တွေးမိမှ ဝိညာဉ်ရေးရာ ကယ်တင်ခြင်း သတင်းစကားကို တစ်ခါဘူးမှ မကြားဖူးသူ မယုံကြည်သူ ရပ်ကွက်ထဲက လူတွေရဲ့ ဝိညာဉ်ရေးရာ အတွက် စဉ်းစားမိသလို ကျွန်တော်တို့ အဖွဲ့ကို လိုလိုလားလား လက်ခံ ခဲ့တာကို ပြန်တွေးရင်း ကြည်နူးမိပါသေးတယ်။ ဒီအဖြစ်အပျက်လေးတွေက ကြာခဲ့ပါပြီ။ ကျွန်တော်လဲ ပြည်ပမှာ အလုပ်သွားလုပ်နေရတာမို့ အရင်ကလို ဆန်းဒေးစကူးလ် မသင် နိုင်ခဲ့၊ ကလေးတွေကို ဦးမဆောင်နိုင်ခဲ့တော့ပါဘူး။ ဒုက္ခသည် နားမကြားကျောင်းက ကလေးတွေအတွက် ကယ်ရယ်စင်းငင်း လိုက်ဆိုရင်းလဲ ရံပုံငွေ မရှာနိုင်ခဲ့တော့သလို မယုံကြည်သူ ရပ်ကွက်ထဲလဲ သတင်းကောင်း သီချင်းနဲ့ ဝေစာတွေ မဝေငှနိုင်တော့ပါဘူး။ အခု ဒီစာမူကို ရေးသားနေချိန်မှာ ခရစ္စမတ် မရောက်သေးတာမို့ ခရစ္စမတ် ရောက်လာခဲ့ရင် အငယ်ဆုံးသော သူများအတွက်၊ မယုံကြည်သူများ အတွက် သတင်းကောင်းတစ်ခုခု (သို့) အကူအညီတစ်ခုခု ပေးနိုင် လုပ်နိုင်ဖို့ ပြင်ဆင်နေဆဲပါ။ စာဖတ်သူ မိတ်ဆွေရော ဒီနှစ်ခရစ္စမတ်မှာ ထုံးတမ်းစဉ်လာ သာမာန် ရိုးရာပွဲ တစ်ခုလို ဆင်နွှဲမှာလား၊ ဘုရားသခင် နှစ်သက်သော အစီအစဉ်နဲ့ ဆင်နွှဲမှာလား ဆိုတာကို ကျွန်တော့်ရဲ့ ကိုယ်တွေ့ သက်သေခံချက်လေးနဲ့ သတိပေးလိုက်ပါတယ်။ သခင့် အလိုအတိုင်း အသက်ရှင်ရင်း ခရစ္စမတ်ကို ချစ်နိုင်ကြပါစေ။ ॥

**မင်းအောင်သက်လွင်**



သခင့်စကား ဝိညာဉ်ရေးရာစာစောင်၊ အမှတ်စဉ် ၁၀၀ (ရာပြည့်အမှတ်တရ)၊ ဒီဇင်ဘာလ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် စာပေဝါသနာရှင်များ
ဝိုင်းဝန်းရေးသားပြီး မြန်မာအသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။ (၂၀၀၁ ခုနှစ် စက်တင်ဘာလ ကတည်းက စတင်ဖြန့်ဝေသည်)